International
Labour
Organization

# ကလေးအလုပ်သမားဆိုင်ရာ အီလက်ထရောနစ် သင်ကြားရေး အစီအစဉ် သင်ခန်းစာပေါင်းချုပ်

## အခန်းကြီး – ၃။ အသိပညာနှင့်စွမ်းဆောင်ရည်မြှင့်တင်ဖို့ဘယ်လိုလုပ်ဆောင်မလဲ။

ဤသင်ခန်းစာသည် ကလေးအလုပ်သမားအရေးဆွေးနွေးအဖြေရှာခြင်းနှင့် ကြိုတင်ကာကွယ် တားဆီးရေး လုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် အထောက်အပံ့ ဖြစ်စေပါသည်။ ၎င်းသည် စဉ် ဆက်မပြတ် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်ကို အသုံးပြုကာ မတူညီသော အဓိကအုပ်စုများ အတွက် အသိပညာ မြှင့်တင်ခြင်းနှင့် စွမ်းဆောင်ရည် မြှင့်တင်ရာတွင် အကူအညီပေးမည်ဖြစ် သည်။



© အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ ၂၀၂၄
ပထမအကြိမ်ထုတ်ဝေခြင်း ၂၀၂၄

Attribution 4.0 International (CC BY 4.0)

ဤစာအုပ်သည် Creative Commons ပိုင်ဆိုင်ခွင့်အမှတ် ၄.၀ နိုင်ငံတကာလိုင်စင်ဖြင့် ဆောင်ရွက်ခဲ့သော စာအုပ်ဖြစ်ပါသည်။ ဤလိုင်စင်မိတ္တူကိုကြည့်ရှုရန် ကျေးဇူးပြု၍ https://creativecommons.org/licences/by/4.0/ သို့ ဝင်ရောက်ကြည့်ရှုပါ။ အသုံးပြုသူများအနေဖြင့် ဤမူရင်းစာအုပ်ကို အခြေခံ၍ အသေးစိတ်ဖော်ပြထားသည့်အတိုင်း ပြန်လည်အသုံးပြုခြင်း၊ ဝေမျှခြင်း (ကူးယူခြင်းနှင့်ပြန်လည်ဖြန့်ဝေခြင်း)၊ လိုက်လျောညီထွေဖြစ်အောင် (ပြန်လည်ပေါင်းစပ်ခြင်း၊ အသွင်ပြောင်းခြင်းနှင့် လိုအပ်သလို ပြင်ဆင်အသုံးပြုခြင်းများ)ကို ခွင့်ပြုထားပါသည်။ အသုံးပြုသူသည် အိုင်အယ်လ်အို ကို ဤမူရင်းစာအုပ်၏ ပိုင်ရှင်အဖြစ် ရှင်းလင်းစွာ အသိအမှတ်ပြုဖော်ပြရမည် ဖြစ်ပြီး မူရင်းအကြောင်းအရာအား အပြောင်းအလဲများ ပြုလုပ်ထားခြင်း ရှိမရှိဖော်ပြရပါမည်။ ဘာသာပြန်ဆိုခြင်း၊ လိုအပ်သလိုပြင်ဆင်အသုံးပြုခြင်း သို့မဟုတ် ဆင့်ပွားလုပ်ဆောင်ခြင်းများ နှင့် ဆက်စပ်၍ အိုင်အယ်လ်အို ၏ အမှတ်တံဆိပ်၊ အမည်နှင့် လိုဂိုကို အသုံးပြုခြင်းအား ခွင့်မပြုပါ။

**မူရင်းပိုင်ဆိုင်မှု** – အသုံးပြုသူသည် အပြောင်းအလဲများ ပြုလုပ်ထားခြင်းရှိမရှိ နှင့် စာအုပ်ကို အောက်ပါအတိုင်း ကိုးကားဖော်ပြရမည်။ **ကလေးအလုပ်သမားဆိုင်ရာ အီလက်ထရောနစ်သင်ကြားရေး အစီအစဉ်သင်ခန်းစာပေါင်းချုပ်၊ သင်ခန်းစာ(၃) အသိပညာနှင့် စွမ်းဆောင်ရည်မြှင့်တင်ဖို့ ဘယ်လိုလုပ်ဆောင်မလဲ။** ရန်ကုန်၊ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့၊ ၂၀၂၄။ © ILO။

**ဘာသာပြန်ဆိုခြင်း–** ဤစာအုပ်ကို ဘာသာပြန်ဆိုမည်ဆိုပါက မူရင်းပိုင်ဆိုင်သူကိုဖော်ပြခြင်းနှင့်အတူ အောက်ဖော်ပြပါ မသက်ဆိုင်ကြောင်း ဖော်ပြ ချက်ကို ထည့်သွင်းဖော်ပြရမည်။ ဤစာအုပ်သည် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ (ILO) ၏ မူပိုင်ခွင့်ရထားသော ဘာသာပြန်ဆိုမှုဖြစ်သည်။ ဤဘာသာပြန်ဆိုမှုကို **ILO** မှ ပြင်ဆင်ထားခြင်း၊ ပြန်လည်သုံးသပ်ခြင်း သို့မဟုတ် ထောက်ခံထားခြင်း မဟုတ်ဘဲ **ILO** ၏ တရားဝင်ဘာသာပြန်ဆိုမှုအဖြစ် မယူဆနိုင်ပါ။ ဤဘာသာပြန်ဆိုမှုတွင် ပါဝင်သည့် အကြောင်းအရာများနှင့် တိကျမှုအတွက် **ILO** တွင် တာဝန်မရှိပါ။ ဘာသာပြန်ရေးသားသူ (များ) တွင်သာ တာဝန်ရှိပါသည်။

**လိုအပ်သလိုပြင်ဆင်အသုံးပြုခြင်း –** ဤစာအုပ်ကို လိုအပ်သလိုပြင်ဆင်အသုံးပြုမည်ဆိုပါက မူရင်းပိုင်ဆိုင်သူကိုဖော်ပြခြင်းနှင့်အတူ အောက်ဖော်ပြပါ မသက်ဆိုင်ကြောင်း ဖော်ပြချက်ကို ထည့်သွင်းဖော်ပြရမည်။ "ဤစာအုပ်သည် အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ (ILO) ၏ မူရင်းစာအုပ်ကို လိုအပ်သလို ပြင်ဆင်အသုံးပြုထားခြင်းဖြစ်ပါသည်။ ဤသို့ပြောင်းလဲပြင်ဆင်ထားမှုများကို ILO မှ ပြင်ဆင်ထားခြင်း၊ ပြန်လည်သုံးသပ်ခြင်း သို့မဟုတ် ထောက်ခံအတည်ပြုပေးထားခြင်း မဟုတ်ဘဲ ILO ၏ တရားဝင် လိုအပ်သလိုပြင်ဆင်အသုံးပြုခြင်းအဖြစ် မယူဆနိုင်ပါ။ ပြောင်းလဲ ပြင်ဆင်အသုံးပြုခဲ့သူ သို့မဟုတ် ပြင်ဆင်သူများထံတွင်သာ အပြည့်အဝတာဝန်ရှိပါသည်။

**တိုက်ရိုက်ပါဝင်ပတ်သက်ခြင်းမရှိသည့် ပစ္စည်းများ –** ဤ Creative Commons လိုင်စင်သည် ဤထုတ်ဝေမှုတွင် ပါဝင်သော ILO မဟုတ်သော မူပိုင်ခွင့်ပစ္စည်းများနှင့် သက်ဆိုင်ခြင်းမရှိပါ။ အကယ်၍ ပါဝင်ပစ္စည်းများသည် ပြင်ပအဖွဲ့အစည်းနှင့် သက်ဆိုင်ပါက၊ အခွင့်အရေးများကို ကိုင်ဆောင်ထားသူများနှင့် ချိုးဖောက်မှုဆိုင်ရာ တောင်းဆိုချက်များအတွက် ထိုပစ္စည်းများကို အသုံးပြုသူများထံတွင်သာ အပြည့်အဝတာဝန်ရှိပါသည်။
ဤလိုင်စင်အောက်တွင် ပေါ်ပေါက်လာသော ငြိမ်းချမ်းစွာ ဖြေရှင်း၍မရသော အငြင်းပွားမှုမှန်သမျှသည် ကုလသမဂ္ဂ နိုင်ငံတကာ ကုန်သွယ်မှုဥပဒေ (UNCITRAL) ၏ အနုညာတစီရင်ဆုံးဖြတ်ခြင်းဆိုင်ရာ စည်းမျဉ်းများနှင့်အညီ ခုံသမာဓိဖြင့် စီရင်ဆုံးဖြတ်ခြင်းသို့ ရည်ညွှန်းမည်ဖြစ်ပါသည်။ အဆိုပါအငြင်းပွားမှု၏နောက်ဆုံးအဆုံးအဖြတ်အဖြစ် ခုံသမာဓိဖြင့်စီရင်ဆုံးဖြတ်ခြင်း၏ရလဒ်အဖြစ် တင်ပြသည့် မည်သည့်အနုညာတစီရင်ဆုံးဖြတ်မှုသည် အသုံးပြုသူများ၊ ပြင်ပအဖွဲ့အစည်းများနှင့်သာ အကျုံးဝင်ပါသည်။
အခွင့်အရေးများနှင့် လိုင်စင်ဆိုင်ရာကိစ္စရပ်များကို စုံစမ်းမေးမြန်းလိုပါက ILO ၏ ထုတ်ဝေမှုဆိုင်ရာဌာန (အခွင့်အရေးများနှင့် လိုင်စင်ဆိုင်ရာ ကိစ္စရပ် များ)၊ rights@ilo.org သို့ အီးမေးလ်ပို့၍ဖြစ်စေ ဆက်သွယ်နိုင်ပါသည်။ ILO၏ ထုတ်ဝေမှုများနှင့် ဒစ်ဂျစ်တယ်ထုတ်ကုန်များဆိုင်ရာ အချက်အလက်များကို www.ilo.org/publns တွင် ရယူနိုင်ပါသည်။

---

ISBN: 9789220390160 (print); 9789220390177 (web PDF)
**English ဘာသာဖြင့်လည်းရနိုင်သည်:** E–learning programme on child labour pack.
ISBN: 9789220390146 (print); 9789220390153 (web PDF)

---

ILO ၏ထုတ်ဝေမှုများနှင့်သိမ်းဆည်းထားသောအချက်အလက်များတွင် ရွေးချယ်ခန့်ထားမှုများသည် ကုလသမဂ္ဂအဖွဲ့၏ အစဉ်အလာ သတ်မှတ်ချက်များနှင့် ကိုက်ညီပြီး ထည့်သွင်းဖော်ပြထားသည့် အကြောင်းအရာများသည် မည်သည့်နိုင်ငံ၊ ဧရိယာ သို့မဟုတ် နယ်ပယ် သို့မဟုတ် သက်ဆိုင်ရာအာဏာပိုင်များ၊ ယင်းနိုင်ငံ၏ နယ်နိမိတ် ကန့်သတ်ချက်များ နှင့်သက်ဆိုင်သော ဥပဒေအကြောင်းခြင်းရာများအပေါ်တွင် အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ရုံး၏ထင်မြင်ယူဆချက်များကို ဖော်ပြထားခြင်း မဟုတ်ပါ။
ဤထုတ်ဝေမှုတွင် ဖော်ပြထားသော ထင်မြင်ယူဆချက်များနှင့် အမြင်များသည် စာရေးသူ(များ) ၏ အမြင်များဖြစ်ပြီး ILO ၏ ထင်မြင်ယူဆချက်များ၊ အမြင်များ သို့မဟုတ် မူဝါဒများကို သေချာပေါက် ထင်ဟပ်နေမှုများ မဟုတ်ပါ။
စီးပွားရေးလုပ်ငန်းများနှင့် စီးပွားဖြစ်ထုတ်လုပ်သော ကုန်ပစ္စည်းများ၊ လုပ်ငန်းစဉ်များ၏ အမည်များကို ကိုးကားဖော်ပြခြင်းများသည် ILO ရုံးမှ ထောက်ခံအတည်ပြုပေးထားခြင်းမဟုတ်ဘဲ ထိုသို့သော စီးပွားရေးလုပ်ငန်းများ၊ ကုန်ပစ္စည်းများ၊ လုပ်ငန်းများ၏ အမည်များကို မဖော်ပြခြင်းသည် လည်း သဘောမတူကြောင်း ပြသခြင်းမဟုတ်ပါ။

---

မျက်နှာဖုံးဓာတ်ပုံ – © ဗစ်တာ ဖလူရီ/အိုင်အယ်လ်အို
ရုပ်ပုံထည့်သွင်းဖော်ပြခြင်း © RICE Communication Private Limited၊ ရန်ကုန်၊ မြန်မာ။
မြန်မာနိုင်ငံတွင်ပုံနှိပ်သည်။

# ကျေးဇူးတင်လွှာ

ကလေးအလုပ်သမားဆိုင်ရာ အီလက်ထရောနစ် သင်ခန်းစာများကို အိုင်အယ်လ်အိုမှ အကြံပေးပုဂ္ဂိုလ် Birgitte Krogh–Poulsen, မှ အသေးစိတ် ပြင်ဆင်ထားသည်။ အိုင်အယ်လ်အို ဆက်သွယ်ညှိနှိုင်းရေးအရာရှိရုံးမှ ဝန်ထမ်းများဖြစ်ကြသော စီလင်းဘာနဲစာ (နည်းပညာအကြံပေးအရာရှိ)၊ လဲ့ကေခိုင်၊ စောဆာကပေါ်၊ ခွန်ဆာမွန်းထွယ်၊ နော်မူးမူစိုး၊ ပီရာမာ(လ်)ပီချိုင်ဝန်း (ဒုတိယဆက်သွယ်ညှိနှိုင်းရေးအရာရှိ) နှင့်၊ အန်းဘွိုင် တို့မှ နည်းပညာအထောက်အပံ့ဖြင့် ပါဝင်ကူညီပေးထားကြသည်။

ဤထုတ်ဝေမှုကို အမေရိကန်ပြည်ထောင်စု အလုပ်သမားရေးရာဌာန (USDOL) က ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာသဘောတူညီချက် အမှတ် IL–25263–14–75–K အရ "မြန်မာနိုင်ငံ ကလေးအလုပ်သမားအလုပ်သမားပပျောက်ရေး အစီအစဉ် (My–PEC)" (MMR/13/10/USA) ရန်ပုံငွေပေးအပ်မှုဖြင့် ဆောင်ရွက်ခဲ့ပါသည်။ My–PEC စီမံကိန်း၏ တစ်ရာ ရာခိုင်နှုန်းသော ကုန်ကျ စရိတ်များကို ပြည်ထောင်စုရန်ပုံငွေမှ အပြည့်အဝထောက်ပံ့ခဲ့ပြီး စုစုပေါင်း အမေရိကန်ဒေါ်လာ (၉၁၅၀၀၀၀) ရှိပါသည်။ ဤထုတ်ဝေမှုကို "အာရှဒေသတွင်းကလေးအလုပ်သမားဆိုင်ရာ စီမံချက်"(ARC) (RAS/19/04/GBR)၊ အိုင်အယ်လ်အိုစီမံချက်မှတဆင့် ယူကေနိုင်ငံအစိုးရ၊ Foreign Commonwealth and Development Office (FCDO)တို့မှ ပူးပေါင်းထောက်ပံ့ထားသည်။ ကျန်းမာရေး၊ အလုပ်သမားနှင့်ဖူလုံရေး ဝန်ကြီးဌာန၊ ဂျပန်အစိုးရ၏စီမံကိန်းဖြစ်သည့် "ပညာရေးထောက်ပံ့မှုဖြင့် ကလေးအလုပ်သမားလျှော့ချ ရရှိရေး– စိုက်ပျိုးရေးကဏ္ဍတွင် အဆိုးရွားဆုံးကလေး အလုပ်သမားပုံစံများ လျှော့ချရေးအစီအစဉ် (ARISE)" (RAS/19/07/JPN) မှလည်း ပူးပေါင်းထောက်ပံ့ထားပါသည်။

ဤထုတ်ဝေမှုသည် အမေရိကန်ပြည်ထောင်စု အလုပ်သမားရေးရာဌာန၏ မူဝါဒများ သို့မဟုတ် အမြင်ရှုထောင့်များကို ထင်ဟပ်ဖော်ပြထားခြင်း မဟုတ်ဘဲ ထည့်သွင်းဖော်ပြထားသည့်  ကုန်သွယ်ရေးဆိုင်ရာ အမည်နာမများ၊ စီးပွားရေးထုတ်ကုန်များ သို့မဟုတ် အဖွဲ့အစည်းအမည်များသည်လည်း အမေရိကန်ပြည်ထောင်စုအစိုးရမှ ထောက်ခံအတည်ပြုထားသော အမည်များကို ညွှန်းဆိုဖော်ပြထားခြင်းမဟုတ်ပါ။

# အကြောင်းအရာများ


## သင်ခန်းစာ ၁
အုတ်ရေ အချုပ်ပေါင်း ၁၀၀,၀၀၀ ........ ၁

## သင်ခန်းစာ ၂
ပင်နွန့်ကို ကူညီနိုင်မလား။ ........ ၂

## သင်ခန်းစာ ၃
လေ့လာရခြင်း၏ရည်ရွယ်ချက်များ ........ ၄

## သင်ခန်းစာ ၄
လူထုအသိပညာပေးမှုမြှင့်တင်ခြင်း ........ ၅

## သင်ခန်းစာ ၅
လူထုအသိပညာပေးမှု မြှင့်တင်ခြင်း ကမ်ပိန်းအား ဆောင်ရွက်ခြင်း။ ........ ၇

## သင်ခန်းစာ ၆
နားလည်မှုစွမ်းရည်ကိုမြှင့်တင်ပေးခြင်းအားဖြင့် ........ ၁၅
စွမ်းဆောင်ရည်တည်ဆောက်ခြင်း

## သင်ခန်းစာ ၇
မိမိကိုယ်ကို အကဲဖြတ်သုံးသပ်ခြင်း ........ ၁၈

## သင်ခန်းစာ ၈
အနှစ်ချုပ် ........ ၂၀

## နောက်ဆက်တွဲ အဖြေများ ........ ၂၂

သင်ခန်းစာ ၁/၈

# အုတ်ရေအချပ်ပေါင်း ၁၀၀,၀၀၀



## ပင်နွန်နှင့် တွေ့ဆုံပါ

သမီးတို့ရဲ့ ဆရာဦးမြင့်က သမီးတို့ကို ဇာတ်လမ်းလေးတစ်ခုပြောပြခဲ့ပါတယ်။ အဲဒီဇာတ်လမ်းက အသက် ၁၃ နှစ်ရှိ ပင်နွန်ဆိုတဲ့ မိန်းကလေးတစ်ယောက်ကျောင်းတက်ချင်ပေမယ့် ကျောင်းမတက်ရဘဲ သူ့မိသားစုကိုကူညီဖို့အတွက် အုတ်ဖုတ်ပေးရတဲ့အကြောင်းပါ။

ပင်နွန်က အသက် ၁၀ နှစ်မှာ အလုပ်စလုပ်ခဲ့ရတာဖြစ်ပြီးတော့ သူ့ရဲ့အမေ၊ ညီမလေးတို့နဲ့အတူ ၁၀ ရက်တိုင်းကို အုတ်အချပ်ရေ ၁ သိန်း ပြုလုပ်ရပါတယ်။

## လေ့လာဆန်းစစ်ခြင်း
## အုတ်ရေအချပ်ပေါင်း၁၀၀,၀၀၀

(ရေးသားသူ – ပင်နွန် နှင့် အေးအေးခိုင် )

### အသက် ၁၃ နှစ်ရှိပင်နွန်ဆိုတဲ့မိန်းကလေးတစ်ယောက်

သမီး အသက် ၁၀ နှစ်မှာ ကလေးထိန်းအဖြစ် အလုပ်စလုပ်ပါတယ်။ တစ်လကို ၃၀,၀၀၀ ရခဲ့ပါတယ်။ အခု သမီး ၁၃ နှစ်ရှိပါပြီ။ ဒီအလုပ်ကိုတော့ မနှစ်က စလုပ်ပါတယ်။ အဓိကကတော့ မြေရွှတ်ရပါတယ်။

မောင်နှမခြောက်ယောက်မှာ သမီးက အကြီးဆုံးပါ။ ဒုတိယ ညီမလေးတစ်ယောက်ပဲ ကျောင်းနေခဲ့ဘူးတယ်။ ဒါပေမဲ့ တစ်နှစ်လောက်အကြာမှာ ကျောင်းထွက်ခဲ့ရတယ်။ ကျောင်းကဝေးတော့ စက်ဘီးရှိမှ တက်နိုင်မှာ။ အခုဆိုရင် အမေရယ်၊ ၁၁ နှစ်အရွယ် ညီမလေးရယ်၊ သမီးရယ် အလုပ်လုပ်ကိုင်ပါတယ်။ သမီးက ၂,၈၀၀၊ ညီမလေးက ၂,၅၀၀၊ အမေက ၃,၅၀၀ ရပါတယ်။ သမီးတို့မှာ အကြွေးတွေလည်း တင်နေပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ အဖေက ခြေထောက်နာနေတော့ ကျပန်း နေ့တိုပဲ လိုက်နိုင်လို့ပါ။ မိုးတွင်းဆို ကျပန်းလုပ်ရတော့ နေ့တိုင်း အလုပ်မရှိဘူး။

ငွေလိုရင် ဒီ အုတ်ဖိုပိုင်ရှင်ဆီက ကြိုထုတ်ရမယ်။ ဒီမှာ အလုပ်ပြန်လုပ်တော့မှ လခထဲကနေ နည်းနည်းချင်း ပြန်ဆပ်ရတယ်။ သမီးတို့ အလုပ်က ၁၀ ရက်ကို အုတ်တစ်သိန်းပြည့်အောင် လုပ်ပေးရတယ်။ တစ်ခါတစ်လေ ၁၀ ရက်ကျော်သွားလည်း ၁၀ ရက်စာပဲရတယ်။

သမီးမှာ သူငယ်ချင်း ၃ ယောက်ရှိတယ်။ ဝေလေး တစ်ယောက်ပဲ စက်ဘီးရှိလို့ ကျောင်းတက်နိုင်တယ်။ ဒီအုတ်ဖိုမှာ အိမ်ထောင်စု ၁၅ စုရှိပြီး အားလုံးနီးပါး စာမတတ်ကြဘူး။ အဲ့တာကြောင့် သမီးက စာဖတ်တတ်ရုံတော့ ကျောင်းနေချင်တယ်။

စာရေးတတ်၊ ဖတ်တတ်အောင် ဝေလေးက သင်ပေးပါတယ်။ အခုဆိုရင် နာမည်တွေတော့ ရေးတတ်နေပြီ။ ဒီမှာ သူငယ်ချင်းတွေရှိနေတာ ကံကောင်းတယ် ပြောရမယ်။ ပင်ပန်းပေမယ့် ပျော်လည်း ပျော်ရတယ်။ အမေကတော့ နောက်နှစ်ကျရင် တတိယမောင်လေးကို ကျောင်းထားပေးမယ်လို့ ပြောတယ်။ သမီးလည်း တတ်နိုင်သလောက် ပံ့ပိုးပေးမှာပါ။ အခုဆို အလုပ်ကို ကြိုးစားလုပ်နေရတယ်။ မုန့်လည်း သိပ်ဝယ်မစားဖြစ်တော့ဘူး။

**ပင်နွန် ကျောင်းတက်နိုင်အောင် ကူညီပေးလိုပါသလား။**

သင်ခန်းစာ ၂/၈

# ▶ ပင်နွန့် ကိုကူညီနိုင်မလား။

## ပင်နွန်ရဲ့ အကြောင်းကို ဆင်ခြင်သုံး သပ်ရအောင်။

ပင်နွန်အကြောင်းကို  နိုးနိုး၊ ဖိုးဝနဲ့ မိုဟာမက်တို့ ဘာတွေ ဆွေးနွေးတိုင်ပင်ထားလဲဆိုတာကို အောက်မှာ ဖတ်ရှုပါ။






**ပင်နှန့်တို့လို လူ့အဖွဲ့အစည်းပတ်ဝန်းကျင်မှာ ဘာတွေသိသင့်ပါသလဲ။**

သင်ခန်းစာ ၃/၈

# လေ့လာရခြင်း၏ရည်ရွယ်ချက်များ



အခြေအနေတစ်ခုချင်းစီသည် ကွဲပြားခြားနားပြီး အသိပညာပေးလှုပ်ရှားမှုအစီအစဉ်များသည် လုပ်ငန်းကျင်၏ လိုအပ်ချက်များအလိုက် မူတည်၍ လုပ်ဆောင်ရန် လိုအပ်သည်။ သို့သော် မဖြစ်မနေလုပ်ဆောင်ရသည့် ဘုံအဆင့်များနှင့် တွေးခေါ်ယူဆမှုလုပ်ငန်းစဉ်အချို့လည်း ရှိသည်။

ယခုသင်ခန်းစာက သင့်ကို အောက်ပါအချက်များနှင့် ပတ်သက်၍ အကူအညီပေးမည်ဖြစ်ပါသည်။

- ကလေးအလုပ်သမားအရေးနှင့် ကလေးအလုပ်သမားဆန့်ကျင်တိုက်ဖျက်ရေး အမျိုးသားအဆင့် လုပ်ငန်းစီမံချက်တို့အား အသိပညာပေးမှု၏ ရည်ရွယ်ချက်ကို နားလည်သဘောပေါက်စေရန်
- အသိပညာဖြန့်ဝေရာတွင် အဓိကကျသောကဏ္ဍမှ ပါဝင်လုပ်ဆောင်သူများကို ဖော်ထုတ်ရန်
- အသိပညာမြှင့်တင်ရေးကမ်ပိန်းကို လုပ်ဆောင်ရာတွင် လိုအပ်သော အဆင့်များကို နားလည်စေရန်
- အသိပညာဖြန့်ဝေရာတွင် အဓိပ္ပာယ်ရှိပြီး မျိုးကွဲစုံလင်သော ဆက်သွယ်ရေးပုံစံအမျိုးအစားများ၏ အစွမ်းကိုအသိအမှတ်ပြုရန်
- အသိပညာဖြန့်ဝေပေးချင်သောသူများထံသို့ အဓိပ္ပါယ်ပြည့်ဝသော သတင်းစကားများပါးရာတွင် ပုံပြင်ပြောပြခြင်းအား အားကောင်းသော နည်းလမ်းတစ်ခုအဖြစ် အရှိန်မြှင့်နိုင်ကြောင်းကို နားလည်စေရန်
- စွမ်းဆောင်ရည်မြှင့်တင်ခြင်း၏ အဓိပ္ပာယ်ကို ကောင်းစွာနားလည်သဘောပေါက်စေရန်
- အမျိုးသားအဆင့် လုပ်ငန်းစီမံချက်အရ ကလေးအလုပ်သမားပပျောက်ရေးအတွက် အထောက်အပံ့ဖြစ်စေရန်ဖွံ့ဖြိုးအောင်လုပ်ဆောင်ရမည့် အဓိကကျသော စွမ်းဆောင်ရည်များကို အသိအမှတ်ပြုရန်
- သင်တန်းပေးခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းသည် ကလေးအလုပ်သမား ပပျောက်ရေးကြိုးပမ်းရာတွင် အရေးပါသော အစိတ်အပိုင်း တစ်ရပ်ဖြစ်ကြောင်း နားလည်သဘောပေါက်စေရန် နှင့်
- သင်တန်းပေးခြင်းနှင့် အခြေခံသဘောတရားများကိုမိတ်ဆက်ပေးခြင်းတို့နှင့်ပတ်သက်ပြီး စွမ်းဆောင်ရည်မြှင့်တင်ရန်အတွက် လိုအပ်သော လုပ်ရပ်များကို သဘောပေါက်စေရန်။

**မှတ်ချက်။** သင်ခန်းစာတွင်ပါရှိသည့် အတွေးအခေါ်များကို အကောင်းဆုံးနားလည်စေရန်အတွက် ပထမဦးဆုံးသော သင်ခန်းစာဖြစ်သော **သင်ခန်းစာ ၁ – ကလေးအလုပ်သမားကိစ္စက ဘယ်လောက်အရေးကြီးသလဲ** ကို ဦးစွာပြီးဆုံးအောင် လေ့လာရန် တိုက်တွန်းလိုပါသည်။

**စတင်လေ့လာဖို့အဆင်သင့်ဖြစ်နေပြီလား။**

သင်ခန်းစာ ၄/၈

# ▶ လူထုအသိပညာပေးမှုက အရေးကြီးပါသလား။

## အသိပညာမြှင့်တင်ခြင်းဆိုတာ ဘာလဲ။

**အောက်ဖော်ပြပါများထဲမှ မည်သည့်အရာများသည် အသိပညာပေး လှုံ့ဆော်မှု၏ လက္ခဏာများဖြစ်သနည်း။ (၎င်းသည် ကလေးအလုပ်သမားအကြောင်း ဖြစ်စရာ မလိုအပ်ပါ)။**

သင့်လျော်သော အဖြေများကို အောက်တွင်ရွေးပါ။ အဖြေမှန်များကို "နောက်ဆက်တွဲ အဖြေများ" တွင် ကြည့်ရှုနိုင်ပါသည်။

- ☐ က — လှုပ်ရှားမှုတိုင်းသည် စဉ်ဆက်မပြတ်လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပြီး လူများကို လမ်းမိုးနိုင်ရန် ရည်ရွယ်ပါသည်။
- ☐ ခ — လှုပ်ရှားမှုတစ်ခုသည် တိကျသေချာသော သတင်းစကားပါးရန်အတွက် တစ်ကြိမ်တည်း အားအပြည့် စိုက်ထုတ်သည့်ကြိုးပမ်းမှုဖြစ်ပါသည်။
- ☐ ဂ — လှုပ်ရှားမှုတစ်ခုသည် သက်ဆိုင်သည့်အကြောင်းအရာ သို့မဟုတ် အရေးကိစ္စတစ်ရပ်တစ်ခုနှင့် ပတ်သက်၍ လူအများအား အသိပေးရန် နှင့် ပညာပေးရန် ရည်ရွယ်ပါသည်။
- ☐ ဃ — လှုပ်ရှားမှုတစ်ခုသည် လူများနှင့် ၎င်းတို့၏ အတွေးအခေါ်၊ အပြုအမူနှင့် ယုံကြည်ချက်များကို လွှမ်းမိုးပြီး ပန်းတိုင် သို့မဟုတ် ရည်ရွယ်ချက်အား ရောက်ရှိစေရန် အထောက်အကူပြုပါသည်။




### အမျိုးသားအဆင့် လုပ်ငန်းစီမံချက်၏ပန်းတိုင်များ

မြန်မာနိုင်ငံတွင် ကလေးအလုပ်သမားဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ လှုပ်ရှားမှုတိုင်းသည် အမျိုးသားအဆင့် လုပ်ငန်းစီမံချက်၏ ပန်းတိုင်များနှင့် ကိုက်ညီမှုရှိနေရန်လိုအပ်ပါသည်။

# ကလေးအလုပ်သမားဆန့်ကျင်တိုက်ဖျက်ရေး အမျိုးသားအဆင့် လုပ်ငန်းစီမံချက်၏ပန်းတိုင်များ

NAP အရ မြန်မာနိုင်ငံတွင် ရေရှည် ကလေးအလုပ်သမား ပပျောက်ရေးသည် အောက်ပါတို့မှတဆင့် အောင်မြင်နိုင်မည်ဖြစ်သည်။

- ကလေးလုပ်သားနှင့်ပတ်သက်သော အခြေခံအသိပညာများ အသိပညာပေးဟောပြောခြင်း၊
- နိုင်ငံတကာစံနှုန်းများနှင့်အညီ ဥပဒေများကို ပြန်လည်သုံးသပ်ခြင်းနှင့် ပြန်လည်ပြင်ဆင်ခြင်း၊
- အမျိုးသားအဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်ရေး၊
- လုပ်ငန်းစီမံချက်၏ အကောင်အထည်ဖော်မှု ယန္တရားကို ဖော်ထုတ်ခြင်းဖြင့် တာဝန်နှင့် တာဝန်များ သတ်မှတ်ခြင်း၊ နှင့်တိုးတက်မှုကို အကဲဖြတ်ခြင်း။

ကလေးအလုပ်သမား လျှော့ချရေးနှင့် ပပျောက်ရေး အားစိုက်ထုတ်မှု တစ်စိတ်တစ်ပိုင်းအဖြစ် မြန်မာနိုင်ငံရှိ ကလေးသူငယ်များကို အထူးသဖြင့်

၁။ မြန်မာနိုင်ငံရှိ ကလေးသူငယ်များကို အထူးသဖြင့် အဆိုးရွားဆုံးပုံစံများဖြင့် ကလေးအလုပ်သမားခိုင်းစေမှု မရှိစေရန် ကြိုတင်ကာကွယ်ခြင်းနှင့် တားဆီးခြင်း။

၂။ ဥပဒေအရတရားဝင်အလုပ်လုပ်ခွင့်ရှိသော အလုပ်လုပ်ကိုင်နေသည့်ကလေးများကို ဥပဒေအရထိထိရောက်ရောက် အကာအကွယ်ပေးနိုင်ရန် နှင့်

၃။ အန္တရာယ်ရှိသောအလုပ်နှင့် လုပ်ငန်းခွင်တွင် ကလေးများလုပ်ကိုင်ခြင်းမှဖယ်ရှားရန်နှင့် ၎င်းတို့အတွက် သင့်တော် သောအလုပ်နှင့် အသက်မွေးဝမ်းကျောင်းပညာရပ်ဆိုင်ရာ ကျောင်းများ တက်ရောက်ခွင့်ရရှိနိုင်ရန် စီစဉ်ပေးခြင်း။

## လေ့လာမှုမှတ်တိုင်

သမီးရဲ့အဒေါ် အန်တီသန်းက NGO တစ်ခုမှာ အလုပ်လုပ်ပါတယ်။ အန်တီသန်းတို့အဖွဲ့က ရွာတွေကိုသွားကြပြီး ဒေသခံလူတွေနဲ့ တွေ့ဆုံတဲ့အခါ ကလေးအလုပ်သမားခိုင်းစေခြင်းရဲ့ အကျိုးသက်ရောက်မှုတွေနဲ့ ကလေးတွေအတွက် ကျောင်းတက်ဖို့က ဘယ်လိုအရေးကြီးတယ်ဆိုတာတွေကို ပြောပြလေ့ရှိပါတယ်။ အန်တီသန်းတို့က အဲဒီရွာတွေကိုပဲ မကြာခဏသွားပြီး အဲဒီအကြောင်းအရာတွေကိုပဲ လူတွေကို မတူညီတဲ့နည်းလမ်းတွေနဲ့ ထပ်ခါတလဲလဲပြောပြကြပါတယ်။ ဒီလိုနဲ့ သူတို့က ရပ်ရွာရဲ့ အခြေအနေကို နားလည်အောင်ကြိုးစားပြီး သင့်တော်တဲ့အကြံပြုချက်တွေလည်း မျှဝေပေးပါတယ်။ အသိပညာမြှင့်တင်ဖို့အတွက် စဉ်ဆက်မပြတ်လုပ်ဆောင်နေဖို့လိုတယ်လို့ အန်တီသန်းကပြောပါတယ်။




**အမျိုးသားအဆင့်လုပ်ငန်းစီမံချက်၏ မည်သည့်အချက်က အန်တီသန်းရှင်းပြသွားသလို ကလေးအလုပ်သမားအရေး အသိပညာမြှင့်တင်ရေးသည် စဉ်ဆက်မပြတ်လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်ဖြစ်ကြောင်း ဖော်ညွှန်းနေပါသလဲ။**

သင့်လျော်သော အဖြေများကို အောက်တွင်ရွေးပါ။ အဖြေမှန်များကို "နောက်ဆက်တွဲ အဖြေများ" တွင် ကြည့်ရှုနိုင်ပါသည်။

☐ က — ကလေးအလုပ်သမားခိုင်းစေခြင်းနှင့်ပတ်သက်သည့် အခြေခံဗဟုသုတများကို မျှဝေခြင်းဖြင့် ရေရှည်ကလေးအလုပ်သမားပပျောက်ရေးအတွက် လုပ်ဆောင်ရန်။

☐ ခ — အသိပညာနှင့် ဗဟုသုတများကို တိုးမြှင့်ပေးခြင်း၊ အပြည်ပြည်ဆိုင်ရာ စံနှုန်းများနှင့်အညီ ဥပဒေများကို ဆန်းစစ်ခြင်းနှင့် ပြင်ဆင်ခြင်း၊ အမျိုးသားအဆင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် အစိုးရအဖွဲ့များ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ခြင်းဖြင့် ကလေးအလုပ်သမား ပပျောက်ရေး ရည်မှန်းချက်ကို ဖော်ဆောင်ရန်။

☐ ဂ — ကလေးအလုပ်သမားပပျောက်ရေးအတွက် လုပ်ငန်းစဉ်များအား အကောင်အထည်ဖော်မည့် ယန္တရားတစ်ခုအား သတ်မှတ်ကာ လုပ်ငန်းတာဝန်များကို ပိုင်းခြားသတ်မှတ်ခြင်း နှင့် တိုးတက်မှုများကို လေ့လာဆန်းစစ်ရန်။

## သင်ဘယ်လို အသိပညာမြှင့်တင်နိုင်မလဲ။

သင်ခန်းစာ ၅/၈

# လူထုအသိပညာပေးမှု မြှင့်တင်ခြင်းကမ်ပိန်းအား ဆောင်ရွက်ခြင်း။

### စဉ်းစားကြည့်ပါ။

ပင်နွန်ရဲ့အကြောင်းကို မှတ်မိပါသလား။ ပင်နွန်လိုမျိုး ကလေးအလုပ်သမား အဖြစ်ရှိနေတဲ့ ကလေးတွေကို ကလေးအလုပ်သမားအဖြစ်ကနေ ကယ်ထုတ်ဖို့ ဘယ်သူတွေက အဓိက ကူညီပေးနိုင်မလဲ။



## အဓိက ပုဂ္ဂိုလ်များ

အသီးသီးသော အဖွဲ့အစည်းများသည် မတူညီသော လူထုအသိုက်အဝန်းသို့ အသိပညာများ မျှဝေခြင်း၊ မြှင့်တင်ခြင်းများ လုပ်ဆောင်နိုင်ရန် အမျိုးသားအဆင့် လုပ်ငန်းစီမံချက်၏ ရည်ရွယ်ချက်များ၊ ပန်းတိုင်များကို နားလည်သဘောပေါက်စေရန် လိုအပ်ပါသည်။ကလေးအလုပ်သမား ကဏ္ဍနဲ့ ပတ်သက်ပြီး အသိပညာ မြှင့်တင်ရေးလှုပ်ရှားမှုတွင် အဓိကပါဝင်ပတ်သက်သူများမှာ အောက်ပါအတိုင်း ဖြစ်ပါတယ်။

၁။ ကလေးများနှင့် မိဘများ
၂။ အလုပ်ရှင်များ
၃။ လူထုကိုယ်စားပြု ခေါင်းဆောင်များနှင့် ဥပဒေပြုသူများ
၄။ အသိပညာရှင် အတတ်ပညာရှင်များ
၅။ အများပြည်သူများ
၆။ အစိုးရအဖွဲ့အစည်းများ
၇။ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူထုအခြေပြု အဖွဲ့အစည်းများ
၈။ မီဒီယာများ နှင့်
၉။ လူငယ်အဖွဲ့အစည်းများ

## အဆင့်ဆင့် လုပ်ဆောင်ရမည့် အချက်များ

အသိပညာမြှင့်တင်ရေး ဆောင်ရွက်ရာတွင် အဆင့် (၅) ဆင့် ရှိသည်။ ၎င်းတို့မှာ -






## အဆင့် (၁) – ရည်ရွယ်ချက် သတ်မှတ်ပါ။

အသိပညာမြှင့်တင်ရေးလှုပ်ရှားမှု၏ ပန်းတိုင်များသည် ကွာခြားမှုရှိသလိုလုပ်ဆောင်ရမည့် အဆင့်များသည် ထိုပန်းတိုင်များအပေါ်မူတည်ပြီး နိုင်ပါသည်။ ထို့ကြောင့် ဦးစွာ မိမိအစပျိုးလိုက်သော လှုပ်ရှားမှုမှတစ်ဆင့် မျှော်မှန်းထားသောအရာကို သတ်မှတ်ရပါမည်။ ဥပမာအားဖြင့် ကျောင်းနေကလေးများကို ကလေးအလုပ်သမား ခိုင်းစေခြင်းနှင့်ပတ်သက်သည့် အကြောင်းအရာများကို ၎င်းတို့၏ သူငယ်ချင်းများ၊ မိသားစုများနှင့် စကားစမြည်းပြောနိုင်ရန် ၎င်းတို့အား ဗဟုသုတပေးနိုင်ပါသည်။ နောက်ထပ်ရည်မှန်းချက်တစ် ခုမှာ ကလေးအလုပ်သမားအဖြစ် လုပ်ကိုင်ရခြင်းနှင့် ကလေးများ အိမ်တွင် အိမ်မှုကိစ္စများ ကူညီပေးခြင်းတို့၏ ခြားနားချက်များ ကို လူအများနားလည်အောင် ကူညီပေးရန်၊ ကလေးများ ပေါင်းသင်းဆက်ဆံရေးစွမ်းရည်များ သင်ယူနိုင်စေရန်ဖြစ်ပါသည်။

### ဥပမာ အားဖြင့်

ကောင်းမွန်စွာချမှတ်ထားသော ရည်မှန်းချက်များသည် SMART နိယာမနှင့်ကိုက်ညီမှုရှိရပါမည်။ ဆိုလိုသည်မှာ ကမ်ပိန်း၏ရည်ရွယ်ချက်သည်လည်း –

- **S**pecific (တိကျခြင်း)
- **M**easurable (တိုင်းတာ၍ရခြင်း)
- **A**chieveable (ရည်ရွယ်ချက်အား ရောက်ရှိနိုင်ခြင်း)
- **R**ealistic (လက်တွေ့ကျခြင်း)
- **T**imebound (သတ်မှတ်ထားသည့် အချိန်အတွင်း လုပ်ဆောင်နိုင်ခြင်း) တို့ဖြစ်ပါသည်။

## အဆင့် (၂) – ရည်ညွှန်းအဖွဲ့ သတ်မှတ်ပါ။

အသိပညာမြှင့်တင်သည့်လှုပ်ရှားမှုတစ်ခုတွင် ဦးတည်ရည်ညွှန်းသော အဖွဲ့ တစ်ဖွဲ့ နှင့် အထက် ပါရှိနိုင်ပါသည်။ အဆိုပါ အဖွဲ့များသည် ကြီးမားကျယ်ပြန့်နိုင်သလို ကျဉ်းမြောင်းနိုင်ပါသည်။ နိုင်ငံအဆင့် ဒေသအဆင့် ရှိနိုင်သလိုစာသင်ကျောင်း ကဲ့သို့ သေးငယ်သော အသိုင်းအဝန်း တစ်ခုလည်း ဖြစ်နိုင်ပါသည်။ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်က သင်ယခင်သိထားခဲ့သည့် ကွဲပြားသော အဓိက ပါဝင်ပတ်သက်သူများကိုလည်း ရည်ညွှန်းပါသည်။ လှုပ်ရှားမှုတစ်ခု မစတင်မီ ရည်ညွှန်းအဖွဲ့များ သတ်မှတ်ရပါမည်။ ထိုကဲ့သို့သတ်မှတ်ခြင်းသည် အဖွဲ့တစ်ခုချင်းစီအလိုက်သတင်းစကားကိုပြင်ဆင်ရာတွင် အထောက်အကူဖြစ်စေပါသည်။ အဆိုပါ ရည်ညွှန်းအဖွဲ့များကို လူအများလွှမ်းမိုးနိုင်သော နယ်ပယ်(၆)ခုနှင့် သတ်မှတ်ရမည်ဖြစ်ပါသည်။ ၎င်းတို့မှာ –

### မူဝါဒ

မူဝါဒနယ်ပယ်သည် ဥပဒေများ၊ အပြောင်းအလဲတစ်ခု ဖြစ်ပေါ်စေရန် တွန်းအားပေးနိုင်သည့် အစိုးရမှ ထောက်ပံ့ထား သော အစီအစဉ်များ ကိုဆိုလိုခြင်းဖြစ်ပါသည်။ မူဝါဒများက လူများအား ၎င်းတို့၏ အကျိုးစီးပွားများ နှင့်ပတ်သက်၍ တုံ့ပြန် ဆောင်ရွက်ရာတွင် သို့မဟုတ် ခုခံကာကွယ်နိုင်စွမ်းအားနည်းသောသူများ၏ အခွင့်အရေးများအား ကာကွယ်ရာတွင် လွယ်ကူ စေရန် လုပ်ဆောင်ပေးပါသည်။

## မီဒီယာများ ( ပြောလိုသည့်အကြောင်းအရာများကို ပံ့ပိုးနိုင်ရန် )

အကြောင်းအရာတစ်ရပ်၏ အရေးကြီးမှု၊ အားကောင်းသော ဇာတ်ကြောင်းများတည်ဆောက်ခြင်း သို့မဟုတ် ချဉ်းကပ်မှု၊ ရှုထောင့်တစ်ခုအပေါ် အများယုံကြည်လက်ခံမှု တည်ဆောက်ခြင်းတို့တွင် မီဒီယာ၏ အခန်းကဏ္ဍသည် အလွန်အရေးပါသည်။ သို့သော် ယနေ့ခေတ်တွင် အကြောင်းအရာတစ်ခုအား ယခုကဲ့သို့ဖော်ပြမှုများသည် လူမှုကွန်ရက်များ၊ podcasting နှင့် အခြား သော အလားတူမီဒီယာများကြောင့် တစ်ဖက်တွင်လည်း ဖတ်ရှုသူများပြီး ကဏ္ဍစုံတင်ဆက်သည့် သတင်းမီဒီယာများကို အပြည့် အဝ အားမထားသူများအကြား မယုံကြည်မှုများသည် ထပ်တူဖြစ်လာနိုင်ခြေရှိပါသည်။ မီဒီယာကိုအသုံးပြုရာတွင် ရည်ညွှန်းအဖွဲ့ များကို ကောင်းစွာသတ်မှတ်ရန်လိုအပ်ပြီး မျှော်မှန်းထားသည့် ရလဒ်ကိုလည်း ကောင်းစွာနားလည်ရပါမည်။

## လွှမ်းမိုးမှုပြုလုပ်နိုင်သည့်အဖွဲ့အစည်းများ (ကုလသမဂ္ဂ၊ အိုင်အယ်လ်အို နှင့် အခြားသောအဖွဲ့များ)

လွှမ်းမိုးမှုပြုလုပ်နိုင်သည့် အဖွဲ့အစည်းများသည် ကျယ်ပြောပြီး ၎င်းတို့အချင်းချင်း လျော့တိလျော့ရဲ သို့မဟုတ် နီးနီးကပ် ကပ်ဖြင့် ချိတ်ဆက်မှုရှိကြပါသည်။ ဒေသတိုင်းတွင် အကြောင်းအရာနှင့် ပတ်သက်ဆက်နွယ်သည့် ပညာတတ်၊ ကျော်ကြားသူ များ၊ တက်ကြွလှုပ်ရှားသူများ၊ စီးပွားရေးသမားများ နှင့် အထူးကိစ္စရပ်များနှင့် ပတ်သက်သော ထောက်ခံအားပေးသူများ ရှိကြပါသည်။ ထိုသူများ၏ ရာဇဝင်စုဆောင်းမှုများ၊ လုပ်ဆောင်မှုများ နှင့် အတွေးအမြင်များသည် အဆိုပါကိစ္စရပ်အပေါ်တွင် ထားရှိသော လူအများ၏ အတွေးအမြင်များကို ပံ့ပိုးနိုင်ပါ သည်။ ထို့အပြင် ၎င်းတို့၏ အားစိုက်ထုတ်မှုများသည် တစ်ခါတစ်ရံတွင် အများပြည်သူ၏ ဆုံးဖြတ်ချက်များအပေါ် သက်ရောက် မှုရှိပါသည်။

## ဈေးကွက်

စီးပွားရေးလုပ်ငန်းများသည် လူမှုအပြောင်းအလဲကို မြှင့်တင်ခြင်း သို့မဟုတ် ဟန့်တားခြင်းတို့တွင် အရေးပါသောအခန်း ကဏ္ဍမှ ပါဝင်ပါသည်။ ကြီးမားသော စီးပွားရေးအဖွဲ့အစည်းများ၏ မူဝါဒများသည် ပြောင်းလဲမှု ကြီးကြီးမားမားများကို ဖော်ဆောင်နိုင်ပြီး အစီအစဉ်များကိုပါ ချမှတ်ပေးနိုင်ပါသည်။ စီးပွားရေးလုပ်ငန်းများသည် လူမှုအကျိုးပြု တာဝန်များလုပ်ကိုင်ခြင်း မှတစ်ဆင့် အဓိကတာဝန်ရှိသူများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း သို့မဟုတ် လူမှုအကျိုးပြုလုပ်ဆောင်ခြင်းမှတစ်ဆင့် ၎င်းတို့ကိုယ်တိုင်အတွက် ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်နိုင်ပါသည်။

## တက်ကြွလှုပ်ရှားခြင်း

တက်ကြွလှုပ်ရှားခြင်းသည် ဆန္ဒပြခြင်း၊ သပိတ်မှောက်ခြင်း၊ ချီတက်ခြင်း နှင့် နိုင်ငံရေးစည်းရုံးခြင်းတို့ ပါဝင်နိုင်သည့် အကြောင်းတရားတစ်ခုကိုယ်စား တိုက်ရိုက်ဆောင်ရွက်ခြင်းဖြစ်ပါသည်။ တက်ကြွလှုပ်ရှားခြင်း၏ ထိရောက်မှုအား အခြားနယ် ပယ်များကိုပါ ဆွဲဆောင်နိုင်သော ကြီးမားသော မဟာဗျူဟာက အမြဲတမ်းထောက်ပံ့ပေးပါသည်။ ဥပမာ ချီတက်မှုများသည် မီဒီ ယာများ၏ အာရုံစိုက်မှုရရှိနိုင်ပြီး ယင်းမှတစ်ဆင့် ထိုချီတက်မှုပြုလုပ်ရသည့်အကြောင်းအရာ၏ အရေးပါမှုကို မြှင့်တင်ပေးနိုင်ပါ သည်။ သပိတ်မှောက်မှုများသည်လည်း ထိုအထူးပြုအဖွဲ့တစ်ခု၏အကျိုးစီးပွားကို အာရုံစိုက်လာစေရန် ကော်ပိုရေးရှင်းကိုဖိအား ပေးနိုင်ပါသည်။

## လူမှုရေး စံနှုန်းများ

မိမိက မည်သည့်အရာကို လုပ်ဆောင်သင့်ကြောင်း သိမြင်နားလည်ထားမှုက မိမိ၏ အပြုအမူကို အလွန်အမင်းသက်ရောက်မှုရှိပါသည်။ လူမှုရေးစံနှုန်းများအတွက်ဦးတည်ကြိုးပမ်းမှုများသည် မူဝါဒအပြောင်းအလဲနှင့် ကိုက်ညီသွားချိန်တွင် ယင်း တို့သည် လူများအား ယခင်ကတည်းက တရားမဝင်သောလုပ်ရပ်များမှ ရှောင်ရှားရန် သို့မဟုတ် ၎င်းတို့၏ ပြုမူလုပ်ဆောင်မှုများ တိုးတက်လာစေရန်အတွက် ထိရောက်သော နည်းလမ်းတစ်ခု ဖြစ်လာနိုင်ပါသည်။

ပင်နွှန်ရဲ့ အသိုင်းအဝိုင်းမှာ ကလေးအလုပ်သမားဆိုင်ရာ အသိပညာပေးကမ်ပိန်း တစ်ခုလုပ်ဆောင်မယ်ဆိုရင် ရည်ရွယ်ချက် နှင့် ရည်ညွှန်းအဖွဲ့က ဘယ်သူတွေဖြစ်မလဲ။



# အဆင့် (၃) – အဓိကပေးလိုသည့် သတင်းစကားကိုရွေးချယ်ပါ

**မှန်ကန်သင့်လျော်သည့် သတင်းစကားနှင့် ရည်ညွှန်းအဖွဲ့**ကို ရွေးချယ်ခြင်းသည် အသိပညာမြှင့်တင်သည့်လှုံ့ဆော်မှုတစ်ခု တွင် အလွန်အရေးပါသည်။ ဤအချက်သည် ရည်ညွှန်းအဖွဲ့ကို ဦးစွာသတ်မှတ်ရခြင်း၏ အဓိက အကြောင်းအရင်း ဖြစ်ပါသည်။ ဥပမာအားဖြင့် ဝင်ငွေနည်းပါးသော မြို့ပေါ်နေ မိသားစုများကို ရည်ရွယ်သည့်သတင်းစကားနှင့် ဝင်ငွေနည်းပါးသောကျေးလက်နေမိသားစုများကို ရည်ရွယ်သည့် သတင်းစကားမှာ မတူညီနိုင်ပါ။

အောက်ပါတို့သည် သင့်၏သတင်းစကားကို သင့်ရည်ရွယ်ထားသော ပရိသတ်ထံ မည်သို့တင်ပြရမည်ကို အကြံပြုချက်အချို့ဖြစ်သည်။

## အကြံပြုချက် (၁)

### ပိုမိုရင်းနှီးစေမည့် ဘာသာစကားကို အသုံးပြုပါ

သတင်းစကားများသည် သင်၏ရည်ညွှန်းအဖွဲ့နှင့်ရင်းနှီးသော ဘာသာစကားသာဖြစ်သင့်ပါသည်။ ဒေသခံအသုံးအနှုန်းများ၊ ကျေးလက်နေ ပြည်သူလူထုအတွက် လူသိများသော ရှေးဟောင်းစကားပုံများ၊ လုပ်ငန်းခွင်ရှိ အသိပညာရှင် အတတ်ပညာရှင်များအတွက် ဘာသာရပ်နှင့် သက်ဆိုင်သော အသုံးအနှုန်းများနှင့် လူငယ်များနှင့် ဆက်သွယ်ရာတွင် ရေပန်းစားသော အသုံးအနှုန်းများ ကို အသုံးပြုသင့်ပေသည်။

## အကြံပြုချက် (၂)

### လူများ၏ အမှန်တကယ်အဖြစ်အပျက်နှင့် အတွေ့အကြုံများကို ပြန်လည်ထင်ဟပ်ခြင်း

သင့်၏ရည်ညွှန်းအဖွဲ့နှင့် ပတ်သက်ဆက်နွယ်သည့် အကြောင်းအရာများ၊ အဖြစ်အပျက်များနှင့် ခါတ်ပုံမှတ်တမ်းများကို အသုံးပြုနိုင်သည်။ ဥပမာအားဖြင့် သက်ဆိုင်ရာနယ်မြေအလိုက် သို့မဟုတ် ပစ်မှတ် အသက်အပိုင်းအခြားအလိုက် ကလေးအလုပ်သမားဆိုင်ရာ အကြောင်းအရာများကို မျှဝေခြင်း၊ ကလေးအလုပ်သမားများ အလုပ်လုပ်ကိုင်နေရာသောပြည်တွင်း စက်ရုံများ သို့မဟုတ် အလုပ်လုပ်ကိုင်ရသည့်နေရာများ၏အန္တရာယ်ရှိသော သက်ရောက်မှုများအကြောင်းကို လူများကို ပြောပြခြင်း စသည်တို့ ဖြစ်သည်။

## အကြံပြုချက် (၃)

### မှန်ကန်သော စိတ်ခံစားမှုများကို မြှင့်တင်ခြင်းဖြင့်စိတ်အားတက်ကြွအောင်လုပ်ခြင်း

အပြုသဘောဆောင်သော စိတ်ခံစားမှုများ ဂုဏ်ယူမှု၊ မျှော်လင့်ချက်၊ မိဘမေတ္တာ စသည့်တို့ကို အသုံးပြုနိုင်ပါသည်။ အပြုသဘောဆောင်သော စိတ်ခံစားမှုရှိသူများသည် အပျက်သဘောဆောင်သော စိတ်ခံစားမှုများဖြစ်သည့် ဝမ်းနည်းမှု၊ ကြောက်ရွံ့မှု နှင့် အပြစ်ခံစားစိတ် ဝင်နေသူများနှင့် နှိုင်းယှဉ်ပါက ပိုမို ထိထိရောက်ရောက်လုပ်ဆောင်နိုင်ပါသည်။ ဥပမာအားဖြင့်၊ သားသမီးများကို အလုပ်ခိုင်းစေခြင်းအတွက် အပြစ်ရှိသည်ဟု ခံစားရစေမည့်အစား၊ သူတို့၏ကလေးများကို ပိုမိုကောင်းမွန်သောဘဝရရှိစေရန် လူထုအား မျှော်လင့်ချက်ပေးသည့် သတင်းစကားကို ရွေးချယ်ပါ။

## အကြံပြုချက် (၄)

### ရှုပ်ထွေးသော အရေးကိစ္စများကို ရိုးရှင်းသော အဆင့်များအဖြစ်သို့လျှော့ချခြင်း

ကလေးလေးယောက်အား ကျွေးမွေးရန် ရုန်းကန်နေရသည့် တစ်ကိုယ်ရေမိခင်တစ်ဦးသည် ကလေးအလုပ်သမားနှင့် အိမ်တွင်ကူညီပေးနေသည့် ကလေး သို့မဟုတ် တရားဝင်အလုပ်လုပ်နေသော ကလေးများကြား ခြားနားချက်ကို သိရှိရန် ခက်ခဲပေလိမ့်မည်။ သူမအနေဖြင့် ကလေးများကို ကျောင်းပို့ရန် စဉ်းစားလိမ့်မည်မဟုတ်ပေ။ သင့်အနေဖြင့် ရှုပ်ထွေးလှသော အရေးကိစ္စများကို အဆင့်များဖြင့် ပိုင်းခြားလျှော့ချနိုင်ပါသည်။ ၎င်းတို့မှာ ဥပဒေအကြောင်းရှင်းပြခြင်း၊ မိသားစုအား ထောက်ပံ့ရန်အတွက် ကောင်းမွန်သည့် အလုပ်ရရှိနိုင်မည့် နည်းလမ်းများကို ဝေမျှခြင်း၊ ကလေးများက သူမအား ကူညီပေးနိုင်သည့် နည်းလမ်းများကို ရှင်းပြခြင်း စသည်တို့ဖြစ်ပါသည်။ ဗဟုသုတများကို အဓိပ္ပါယ်ရှိသော ပါဝင်မှုဖြစ်ရန် ဖိတ်ခေါ်ခြင်းများနှင့် အပြုသဘောဆောင်သော အပြုအမူများ ယူဆောင်လာခြင်းတို့အတွက် ကောင်းမွန်စွာအသုံးချနိုင်ပါသည်။ ထို့သို့ပါဝင်ရန်ဖိတ်ခေါ်ခြင်းများတွင် အောက်ပါအချက်အလက်များကို ထည့်သွင်းစဉ်းစားသင့်ပါသည်။

၁။ အရေးကိစ္စတစ်ခုအတွက် အဓိပ္ပါယ်ရှိသော ဦးတည်ချက်
၂။ ရည်ညွှန်းအဖွဲ့၏ စွမ်းဆောင်နိုင်သည့် အတိုင်းအတာအတွင်းရှိခြင်း
၃။ လုပ်ဆောင်ရလွယ်ကူခြင်း
၄။ စိတ်ကျေနပ်ခြင်း
၅။ အသေးစိတ်ကျကျ လုပ်ဆောင်နိုင်ခြင်း
၆။ လူမှုရေးစံနှုန်းတစ်ခုအဖြစ် တွေ့မြင်နိုင်ခြင်း
၇။ ပါဝင်ရလွယ်ကူခြင်း

# အဆင့် (၄) – သတင်းစကား ဖြန့်ဝေပါ

ရည်ညွှန်းအဖွဲ့များအလိုက် သတင်းစကားများသတ်မှတ်ပြီးပါက မှန်ကန်သောနည်းလမ်းများဖြင့် သတင်းစကား ဖြန့်ဝေ ခြင်းသည်လည်း အရေးကြီးသော အခန်းကဏ္ဍတစ်ရပ်ဖြစ်ပေသည်။

ရည်ညွှန်းအဖွဲ့များနှင့် ပေးချင်သည့်သတင်းစကား၏ အရွယ်အစားပေါ်မူတည်၍ များစွာသော ကြားခံနယ်များကို အသုံး ပြုသင့်ပါသည်။ တူညီသောသတင်းစကားများကို မတူညီသော ကြားခံနယ်များ၊ မတူညီသော ဘာသာစကားများဖြင့် လူတိုင်းသို့ ရောက်ရှိစေရန်အတွက် လုပ်ဆောင်ရပါမည်။ တစ်ချိန်တည်းမှာပင် သင်၏သတင်းစကားများသည်တစ်သမတ်တည်းဖြစ်ရန် လို အပ်ပါသည်။ တစ်ကြိမ်တွင်သတင်းစကားတစ်မျိုး ပြောဆိုဆက်သွယ်ခြင်းထက် တူညီသော သတင်းစကားများကို မတူညီသော နည်းလမ်းများဖြင့် ဆက်သွယ်ပါ။

မတူညီသော ကြားခံနယ်များနှင့် ၎င်းတို့၏ ဦးတည်ချက်များကို လေ့လာပါ။

၁။ Facebook သို့မဟုတ် လူမှုကွန်ရက်မီဒီယာများသည် လူများအားလုံးဆီသို့ရောက်ရှိသည့်အတွက်အထွေထွေသတင်းစကားများ အတွက် ၎င်းတို့ကို အသုံးပြုနိုင်ပါသည်။
၂။ ဆယ်ကျော်သက်လူငယ်များထံသို့ သတင်းစကားများပို့ဆောင်ရန်အတွက် ရေဒီယိုချယ်နယ်များကို အသုံးပြုနိုင်ပါသည်။
၃။ ပညာတတ်များနှင့် အလုပ်လုပ်ကိုင်နေသူများအတွက် သတင်းစာများနှင့် အများပြည်သူနှင့် သက်ဆိုင်သောရုံးများရှိ နံရံကပ် စာစောင်များကို အသုံးပြု နိုင်ပါသည်။
၄။ ကလေးများနှင့် မိသားစုဝင်များကို ပညာပေးရန်အတွက် ရုပ်မြင်သံကြားကို အသုံးပြုနိုင်ပါသည်။
၅။ သတင်းစကားတိုများအတွက် ကြော်ငြာဆိုင်းဘုတ်များကို အသုံးပြုနိုင်ပါသည်။

# အဆင့် (၅) – အကျိုးသက်ရောက်မှုကို တိုင်းတာပါ

အသိပညာဖြန့်ဝေသည့် တိုးတက်မှုအားတိုင်းတာခြင်းသည် ခက်ခဲသောအလုပ်တစ်ခုဖြစ်ပါသည်။အကျိုးသက်ရောက်မှု ကို တိုင်းတာနိုင်သည့် နည်းလမ်းများ၏ကိုသိရှိနိုင်ရန် FAQ မှတစ်ဆင့် ဖတ်ရှုလေ့လာပါ။

## အခြေခံအသိပညာနဲ့ သဘောထားများကို ဘယ်လိုအကဲဖြတ်မလဲ။

သင်၏ ရည်ညွှန်းအဖွဲ့တွင်ပါဝင်သော ကျောင်းများရှိ ကျောင်းသား ကျောင်းသူများနှင့် Kahoot အက်ပလီကေးရှင်းအား အသုံးပြု၍ အကဲဖြတ်နိုင်ပါသည်။ (၎င်းသည် ဂိမ်းအခြေပြု သင်ကြားမှုပလက်ဖောင်း တစ်ခုဖြစ်ပြီး အဖြေမှန်ရွေးချယ်ခြင်းဖြင့် မေးခွန်းများကို ဖြေဆိုရခြင်းဖြစ်ပါသည်။ မေးခွန်းများကို ဝက်ဘ်ဆိုက် သို့မဟုတ် Kahoot အက်ပလီကေးရှင်းအားအသုံးပြု၍ ဖြေဆိုနိုင်ပါသည်။) ထို့ပြင်သင်သည် မိဘများ၊ ရပ်ရွာ ခေါင်းဆောင်များ၊ ဥပဒေပြု သူများနှင့်အခြားပါဝင်ပတ်သက် သူများသို့ ရိုးရှင်းလွယ်ကူသော စစ်တမ်းတစ်ခု ( Google Forms အသုံးပြု၍သော်လည်းကောင်း) ကောက်ယူနိုင်ပါသည်။ ထိုသို့ လုပ်ဆောင်ခြင်းဖြင့်ကလေးအလုပ်သမားကိစ္စရပ်အပေါ် လူများ၏ အတွေးအခေါ် နှင့် သဘောထားများကို သိရှိနားလည်နိုင်မည် ဖြစ်ပါသည်။ စစ်တမ်းကို ရှည်လွန်း သို့မဟုတ် ရှုပ်ထွေးစွာ မပြုလုပ်ရန် သတိထားပါ။ အဘယ်ကြောင့်ဆိုသော် အသုံးပြုသူများ ပြီးဆုံးအောင် မဖြေဆိုနိုင်မည်ဖြစ်သွားနိုင်သည်။

ထို့ပြင် သင်သည် ကမ်ပိန်းပြီးဆုံးပါက စစ်တမ်း၊ အင်တာဗျူး သို့မဟုတ် ရိုးရှင်းသော မေးခွန်းများ မေးမြန်းနိုင်သည်။ ထိုနည်းဖြင့် လူအများသည် ၎င်းတို့၏ အသိပညာနှင့် သဘောထားများ တိုးတက်လာမှုကို ကိုယ်တိုင်တိုင်းတာနိုင်သည်။

## သက်ရောက်မှုဆိုတာ ဘာလဲ။

သက်ရောက်မှုသည် ကမ်ပိန်းမှတစ်ဆင့် သင်ချိတ် ဆက်နိုင်သည့် လူအရေအတွက်ပေါ်တွင် အဓိကမူတည်နေချိန်တွင် လူ အများ၏နားလည်မှုနှင့် စိတ်နေသဘောထားပြောင်းလဲသွားမှုကလည်း ထိုကမ်ပိန်း၏ သက်ရောက်မှုကို ပြသသော အညွှန်းကိန်း တစ်ခုလည်းဖြစ်သည်။

### ဘယ်လိုတိုင်းတာ နိုင်မလဲ။

ကမ်ပိန်းပြုလုပ်မှုမှတစ်ဆင့် လူမည်မျှအထိ ပျံ့နှံ့ရောက်ရှိခဲ့ကြောင်းကို အခမ်းအနားများ၊ ကျောင်းတွင်းဟောပြောပွဲများ နှင့် ရပ်ရွာဆွေးနွေးပွဲများ စသည့် ပွဲများကို တက်ရောက်သူအရေအတွက်အား စာရင်းသွင်းရန်တောင်းခံခြင်းကဲ့သို့ နည်းလမ်းမျိုး စုံမှတစ်ဆင့် တိုင်းတာနိုင်ပါသည်။

သင်ဖြန့်ဝေလိုက်သည့် နံရံကပ်စာစောင်၊ လက်ကမ်းစာစောင် အရေအတွက်များ စသည်တို့ကလည်း ပျံ့နှံ့ရောက်ရှိသွား သည့် လူဦးရေကို မှန်းဆနိုင်ပါသည်။

### အီလက်ထရောနစ်ကြားခံနယ်တွေက သက်ရောက်မှုတိုင်းတာတဲ့ နေရာမှာ ဘယ်လိုအသုံးဝင်လဲ။

အီလက်ထရောနစ် ကြားခံနယ်များဖြစ်ကြသည့် လူမှုကွန်ရက်မီဒီယာများ၊ ဝက်ဘ်ဆိုဒ် နှင့်အီလက်ထရောနစ် သတင်းလွှာ များသည် လူအများကြား ပျံ့နှံ့ရောက်ရှိမှု နှင့် ထိတွေ့မှုများကို တိုင်းတာရန် ခွဲခြမ်းစိတ်ဖြာမှုပြုလုပ်နိုင်ပါသည်။ ဥပမာအားဖြင့် Facebook Page Insights သည် မိမိ၏ ပို့စ်များအား လူဦးရေမည်မျှကြည့်ရှုခဲ့ကြောင်း၊ ၎င်းတို့၏ အကျဉ်းချုပ်အကြောင်းအရာများ (အသက်၊ တည်နေရာ စသည်ဖြင့်) သိရှိရန်လွယ်ကူသည်သာမက Like ပေးခြင်း၊ ပြန်လည်မျှဝေခြင်း သို့မဟုတ် မှတ်ချက် ပေးခြင်းဖြင့် မိမိတင်ပြထားသော အကြောင်းအရာအပေါ် တုံ့ပြန်မှုများကိုပါ သိရှိနိုင်ပါသည်။ လူအများစိတ်ဝင်စားနိုင်ပြီး အပြုသဘောဆောင်သော တုံ့ပြန်မှုရရှိနိုင်မည့် အကြောင်းအရာအမျိုးအစားနှင့် မိမိ၏ပို့စ်ကို ဝေမျှရန် အကောင်းဆုံး အချိန်အခါကို နားလည်ခြင်းသည် နောင်တွင် မိမိ၏ ချဉ်းကပ်မှုပုံစံကို ပိုမို  ကောင်းမွန်အောင်မွမ်းမံရန် အထောက်အကူရမည်ဖြစ်ပါသည်။

## လေ့လာမှုမှတ်တိုင်

သိပ္ပညာမြှင့်တင်ရေး လှုံ့ဆော်မှုအတွက် အဆင့်တိုင်းသည် အရေးကြီးပြီး သင့်တော်သော လုပ်ဆောင်ချက်များကိုလည်း အစဉ်လိုက် မှန်ကန်စွာ လုပ်ဆောင်ရန် လိုအပ်ပါသည်။

**လုပ်ဆောင်ရမည့်အဆင့်များကို မှန်ကန်သောလုပ်ဆောင်ချက်များနှင့် သင်တွဲစပ်နိုင်ပါသလား။**

ဘယ်ဘက်ရှိ အဆင့်များကိုကြည့်ပါ၊ ထို့နောက် ညာဘက်ရှိ မည်သည့်လုပ်ဆောင်ချက်က အဆိုပါ အဆင့်နှင့် သက်ဆိုင်ကြောင်း တွဲပေးပါ။ အဖြေမှန်များကို "နောက်ဆက်တွဲ အဖြေများ" တွင် ကြည့်ရှုနိုင်ပါသည်။

| | |
|---|---|
| ၁ သက်ရောက်မှုအား တိုင်းတာပါ | က စစ်တမ်းကောက်ယူပါ |
| ၂ အဓိကသတင်းစကားများကို ရွေးချယ်ပါ | ခ ထင်ရှားသော စကားပုံများကို အသုံးပြုပါ |
| ၃ သတင်းစကားများကို ဖြန့်ဝေပါ | ဂ မတူညီသော ကြားခံနယ်များအသုံး ပြု၍ တူညီသော သတင်းစကားများ ကို ဖြန့်ဝေပါ |

## ဇာတ်လမ်းများအသုံးပြုခြင်း၏ အားသာချက်

လူသားများသည် ဇာတ်လမ်းများ နားထောင်ရသည်ကို အစဉ်နှစ်ခြိုက်သဘောကျကြသည်။ မီးပုံပွဲတွင် စုဝေး ၍ ပြောပြခြင်းမှသည် ယခုခေတ် အွန်လိုင်းမှတစ်ဆင့် ခံစားကြည့်ရှုခြင်းအထိ ဇာတ်လမ်းကြောင်းများသည် လူတို့၏ စိတ်ခံစားမှုကို ရိုက်ခတ်စေနိုင်ပြီး သတင်းစကားများကိုပါ အရောက်ပေးပို့နိုင်ပါသည်။

ကလေးအလုပ်သမားများအဖြစ် အလုပ်လုပ်ကိုင်နေရသော ကလေးများအကြောင်း၊ ပညာရေးနဲ့ အိမ်မက်တွေကို လိုက်စားဖို့ စိန်ခေါ်မှုပေါင်းစုံကို ကျော်ဖြတ်ရသည့် အကြောင်းအရာများသည် စိတ်ဝင်စားဖွယ် ကောင်းသော ဇာတ်ကြောင်းများဖြစ်ပါသည်။  အကြောင်းရင်းမှာ လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်ချင်းစီနှင့် သက်ဆိုင်သော ဇာတ်ကြောင်းများ ဖြစ်သည့်အတွက် လက်တွေ့ဆန်ရုံသာမက ဖြေရှင်း လုပ်ဆောင်ပေးနိုင်စွမ်းလည်း ရှိသောကြောင့်ဖြစ်ပါသည်။

# လေ့လာဆန်းစစ်ခြင်း

## လှိုင်ထွန်းဦးနှင့် မီးခိုးတွေဖုံးလွှမ်းနေတဲ့တောင် (ရေးသားသူ – မောက်ခမ်းဝါ)

ဒီအမှိုက်ပုံမှာ မိသားစု (၈) စုနဲ့ လူ (၃၀) လောက် အလုပ်လုပ်ကြတယ်။" လို့ ဒီနေရာမှာ အလုပ်လုပ်နေတာ ၁ နှစ်ရှိပြီဖြစ်တဲ့ ၁၅ နှစ်အရွယ် လှိုင်ထွန်းဦးက ပြောပါတယ်။ တခြား (၁၃) နှစ်လောက်ရှိတဲ့ ကောင်မလေးနှစ်ယောက် လည်း ဒီမှာ အလုပ်လုပ်နေသေးတယ်။ တခြားကလေးတွေကတော့ အဖေ၊ အမေနဲ့ လိုက်လာပြီး အဖိုးတန်တာလေး တွေများ ရှိမလားလို့ လာရှာကြတာပါ။

ဒီအမှိုက်ကျင်းကို လာတဲ့ ကားနှစ်မျိုးရှိတယ်။ စည်ပင်ကားရယ်၊ အပြင်ကားရယ်။ အပြင်ကားပေါ်က  အမှိုက် တွေကိုတော့ ကားပေါ် မြန်မြန်တက်နိုင်တဲ့သူက ရတာပဲ။ ကျွန်တော်တို့ ရန်မဖြစ်ကြပါဘူး။ အားလုံး ခင်ခင်မင်မင်ပဲ။

အနံ့တွေ၊ မီးခိုးငွေ့တွေကို အေးဆေးခံနိုင်တယ်။ တစ်ခါကတော့ အဆုတ်ပွတာ ဖြစ်ဖူးတယ်။  ကိုယ့်ဟာကိုယ် ဆေးဝယ်သောက်လိုက်တာ သက်သာသွားပြီ။ အော် ... ဈေးချိုက  လာတဲ့  ကားတစ်စီး  ကျန်သေးတယ်။ ကျွန်တော် တို့က မုန့်ကားကြီးလို့ ခေါ်တယ်။ မုန့်အကျန်တွေ ယူ၊ ယူလာတတ်လို့။ဒါက ဟိုတယ်က သယ်လာတဲ့ မစင်ထုတ်တွေ။

သား ခုနှစ်တန်းမှာ ကျောင်းထွက်လိုက်တယ်။ ညီမလေးကို စောင့်ရှောက်ဖို့၊ ကျောင်းထားပေးဖို့  အလုပ်လုပ်ရ မယ်လေ။ ဆောင်းဘောက်တစ်ခုလောက်လိုချင်လို့ အမှိုက်ပုံက ရတဲ့ ဟာတွေနဲ့  ကိုယ့်ဟာကိုယ်  ဆင်ထားတာ။ တစ် လကို  တစ်သိန်းခွဲလောက်ရတယ်။ (၁၅၀,၀၀၀ ကျပ်) ရသမျှအကုန်  အဖိုးနဲ့ အဖွားကို ပြန်ပေးလိုက်တာ။ M150 သောက်ချင်လို့ မုန့်ဖိုး တော့ ပြန်တောင်းတယ်။ ဆေးထိုးအပ်က တစ်ပိဿာ တစ်ထောင်၊ ရိုးရိုးကော်က သုံးရာ၊ ကြေးက ခြောက်ထောင်။

အဖေက ဆုံးသွားပြီ။ အရက်မူးနေတဲ့အချိန် ဝမ်းကွဲညီက သတ်သွားတာ။  အကြွေးကိစ္စလို့ ထင်တာပဲ။  အမေ ကထိုင်းမှာ…ဘာလို့ထွက်သွားလဲ မသိဘူး။ သားက ယောကျ်ားလေးပဲလေ။ ညီမလေးရဲ့ အဆောင်ခအတွက် ပိုက်ဆံရှာပေးနိုင်တယ်။

## နီးနီး၊ ဖိုးဝနှင့် မိုဟာမက်တို့က လှိုင်ထွန်းဦးပုံပြင်နဲ့ပတ်သက်ပြီး ဘယ်လိုတုံ့ပြန်ခဲ့လဲ။



## ကိုယ်ရေးကိုယ်တာ လျှို့ဝှက်ချက်အတွက် ထည့်သွင်းစဉ်းစားသင့်သည့် အချက်များ

ကလေးများ၏ဘဝအကြောင်းများနှင့် အတွေ့အကြုံ များအား အခြေခံ၍ ဇာတ်လမ်းများအား ပုံဖော်ခြင်းနှင့် မျှဝေခြင်းတို့ ပြုလုပ်ချိန်တွင် ၎င်းတို့၏ အခွင့်အရေးများအား ကာကွယ်ပေးရပါမည်။ ထိုကဲ့သို့လုပ်ဆောင်နေချိန်မှာ ကလေးတွေကို အောက်ပါအကြောင်းအရာများကိုလည်း အကာအကွယ်ပေးရပါမည်။

- အတွေ့အကြုံ များ မျှဝေခဲ့သည့်အတွက် သို့မဟုတ် ဇာတ်ကြောင်းဖော်ဆောင်ရာတွင် ပါဝင်ပေးခဲ့သည့်အတွက် အသရေဖျက်ခံရခြင်း
- ခါးသီးသော အတွေ့အကြုံ များကို ပြန်လည်အသက်သွင်းသလို ဖြစ်စေခြင်း
- ပြန်လည်မျှဝေခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် အနုတ်သဘောဆောင်သော သက်ရောက်မှုများ

သို့ဖြစ်သောကြောင့် မည်သို့ပင် အများကောင်းကျိုးအတွက် ရေးရှုစေကာမူ ကလေးများ၏ ဇာတ်ကြောင်းများကို ဖြန့်ဝေရာတွင် ကာယကံရှင်နှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ၏ သဘောဆန္ဒပါမှသာ ပြုလုပ်သင့်ပေသည်။ အကယ်၍ ကာယကံရှင် ကလေးများအနေဖြင့် အသရေဖျက်ခံရနိုင်ဖွယ်ရှိသည့် အန္တရာယ်အနည်းငယ်ရှိလျှင်ပင် သို့မဟုတ် မည်သည့်အကြောင်းပြချက်အတွက်မဆို ၎င်းတို့သည် စိတ်မသက်မသာခံစားရကြောင်း သိရှိရလျှင် ၎င်းတို့ပါဝင်ထားသော ရုပ်ရှင်များ၊ အင်တာဗျူးများ၊ ဓါတ်ပုံများ စသည်တို့ကို ထုတ်ဖော်ပြသခြင်း မပြုသင့်ပါ။

ထိုကဲ့သို့လုပ်ဆောင်နေချိန်မှာ ကလေးတွေကို အောက်ပါအကြောင်းအရာများကိုလည်း အကာအကွယ်ပေးရပါမည်။
အောက်ပါအတိုင်း ပြုလုပ်နိုင်ပါသည်။

- နာမည်ဝှက် အသုံးပြုခြင်း
- ဓါတ်ပုံများ၊ ရုပ်ရှင်များ၊ အသံဖိုင်များတွင် မျက်နှာများ (သို့မဟုတ် အခြားသိသာထင်ရှားစေသော သွင်ပြင်များ)မဖော်ပြခြင်း
- ဓါတ်ပုံများထက် ကာတွန်းများနှင့် ပန်းချီများကိုသာ အသုံးပြုခြင်း

ထို့ပြင် ကလေးများသည် ဇာတ်ကြောင်းပြောဆိုခြင်းများတွင် ၎င်းတို့ကိုယ်တိုင် မပါဝင်သင့်ပါ။ အကယ်၍ ပါဝင်မည်ဆို လျှင် လိုအပ်ပါက ၎င်းတို့နှင့်အတူ ၎င်းတို့ယုံကြည်အားထားရပြီး စိတ်ဓာတ်ခွန်အားပေးစွမ်းနိုင်သော ၎င်းတို့အကြောင်းနှင့်ပတ်သက်၍ ပြောပေးနိုင်သော လူကြီးများမှ အဖော်အဖြစ်ပါဝင်ပေးရမည်။ ထိုလူကြီးများသည် မိဘ သို့မဟုတ် ဆွေမျိုး၊ ဆရာ/ ဆရာမ သို့မဟုတ် လူမှုဝန်ထမ်း စသည့်တစ်ဦးဦး ဖြစ်နိုင်ပါသည်။

## လေ့လာမှုမှတ်တိုင်

လတ်တလော တွေ့ကြုံခဲ့ဘူးသော ပါဝင်ဖူးခဲ့သော အောင်မြင်ခဲ့သည့် အသိပညာမြင့်တင်ရေး ကမ်ပိန်းများကို မှတ်မိပါသလား။ အဆိုပါကမ်ပိန်းမှ မည်သည့် ဇာတ်ကြောင်းများကို မှတ်မိပါသလဲ။

**အောက်ဖော်ပြပါများထဲမှ မည်သည့်အရာသည် အမှတ်ရဖွယ်ကောင်းသော စည်းရုံးမှုဇာတ်လမ်း၏ ဘုံလက္ခဏာများဖြစ်သည်ကို အမှတ်ရစေပါသနည်း။**

မှန်ကန်သော အဖြေများကို အောက်တွင်ရွေးပါ။ အဖြေမှန်များကို "နောက်ဆက်တွဲ အဖြေများ" တွင် ကြည့်ရှုနိုင်ပါသည်။

- ☐ (က) ရိုးရှင်းပြီး ဦးတည်ချက်ပြတ်သားသော
- ☐ (ခ) ကိုယ်နှင့်နီးစပ်သော ဇာတ်ကောင်များ
- ☐ (ဂ) စိတ်ဝင်စားဖွယ်ကောင်းသော အဆုံးသတ်
- ☐ (ဃ) အချိန်တိုတောင်းသော

သင်ခန်းစာ ၆/၈

# ▶ နားလည်မှု စွမ်းရည်မြှင့်တင်ပေးခြင်းအားဖြင့် စွမ်းဆောင်ရည်တည်ဆောက်ခြင်း

## စွမ်းဆောင်ရည်ဆိုတာ ဘာလဲ။

ယေဘုယျအားဖြင့် စွမ်းဆောင်ရည်ဆိုသည်မှာ အကြောင်းအရာမျိုးမျိုး၊ လူပေါ်မူတည်၍ ကွာခြားပါသည်။ အလုပ်ကိစ္စတစ်ခုကိုလုပ်ဆောင်သည့်အခါ အသုံးပြုမည့် စွမ်းရည်များ၊ ငွေကြေး၊ အသိပညာ၊ ကျွမ်းကျင်မှု၊ လူဦးရေတို့အပေါ် မူတည်ပါသည်။ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ကဲ့သို့ အစိတ်အပိုင်းများစွာပါဝင်သော စီမံကိန်းကြီးတစ်ခုတွင် စွမ်းဆောင်ရည်ဟုဆိုရာ၌ အောက်ပါ အကြောင်းအရာများအားလုံး ပါဝင်ပါသည်။

## အဓိက စွမ်းဆောင်ရည်များ

အမျိုးသားအဆင့် လုပ်ငန်းစီမံချက်နှင့် ကလေးအလုပ်သမား ပပျောက်ရေးကို ဖော်ဆောင်ရန် အချို့သောအခြေခံအရည်အချင်းများကို တည်ဆောက်ထားရမည်ဖြစ်ပါသည်။ ဥပမာအားဖြင့် –

- ကူးလူးသွားလာရန် လမ်းပန်းဆက်သွယ်ရေး
- ဆက်သွယ်ရေးအတွက် သတင်းအချက်အလက်နှင့် နည်းပညာ ဆိုင်ရာ အခြေခံအဆောက်အအုံ
- ကုန်ကျစရိတ်များအတွက် ငွေကြေးထောက်ပံ့မှု

အဆိုပါ စွမ်းဆောင်ရည်များ ဖန်တီးထားခြင်းသည် ပါဝင်ကူညီနိုင်သူအားလုံးက ကလေးအလုပ်သမား ပပျောက်ရေးအတွက် ထိထိရောက်ရောက်လုပ်ဆောင်နိုင်မည်ဖြစ်ပါသည်။ ထိုသူများသည် အသိပညာမြှင့်တင်ပေးခြင်း၊ ကလေးများအား သင်ကြားပေးခြင်း၊ လုပ်ငန်းခွင်များသို့ စစ်ဆေးခြင်း နှင့် အမျိုးသားအဆင့် လုပ်ငန်းစီမံချက်တွင်ပါဝင်သော အခြားသော အစီအစဉ်များကို လုပ်ဆောင်နိုင်ပါသည်။

## ခေတ်ရေစီးကြောင်းနှင့်အညီ လုပ်ကိုင်ခြင်း

အမျိုးသားအဆင့် လုပ်ငန်းစီမံချက်အား မိတ်ဖက်အများအပြားက အကောင်အထည်ဖော်ကြပြီး မိတ်ဖက်တစ်ခုချင်းစီ၏ လုပ်ပိုင်ခွင့်များ၊ ကျွမ်းကျင်မှုများနှင့် ကမ်းလင့်ထောက်ကူနိုင်စွမ်းများပေါ်တွင် အခြေခံထားပါသည်။ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်၏ လုပ်ဆောင်မှုများအား ရှိရင်းစွဲမူဝါဒများ၊ အစီအစဉ်များ၊ ဘတ်ဂျက်များနှင့် လုပ်ဆောင်ချက်များ ဘောင်အတွင်းတွင် ဖြစ်နိုင်သမျှ အကောင်းဆုံးအခြေအနေအထိ ပေါင်းစပ်လုပ်ဆောင်ရန် သင့်အားမျှော်လင့်ပါသည်။

ဥပမာအားဖြင့် သင်သည် ပညာရေးတွင် အထူးကျွမ်းကျင်ပါက ကလေးအလုပ်သမားအကြောင်း၊ ၎င်းတို့၏အကြောင်းတရားများ၊ အကျိုးဆက်များနှင့် ကလေးအလုပ်သမား ပပျောက်ရေးအတွက် ထိရောက်သော တုံ့ပြန်ဆောင်ရွက်မှုမဟာဗျူဟာများကို ကောင်းစွာနားလည်ရန် လိုအပ်ပါသည်။

ထို့ကြောင့် သင်တန်းပို့ချခြင်း၊ အခြေခံသဘောတရားများကို မိတ်ဆက်ပေးခြင်းတို့ဖြင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းသည် ခေတ်ရေစီးကြောင်းနှင့်အညီ လုပ်ဆောင်ခြင်းဖြစ်သည်။ ထိုအရာသည် မြန်မာနိုင်ငံရှိ ကလေးသူငယ်များကို ကာကွယ်ရေးအတွက် လူများနှင့် အဖွဲ့အစည်းများအပေါ် ရင်းနှီးမြှုပ်နှံခြင်းလည်း ဖြစ်ပါသည်။ ယင်းသည် ကလေးအလုပ်သမားအဖြစ် လုပ်ကိုင်နေရသူများနှင့် ကလေးအလုပ်သမားဖြစ်လာရန် အန္တရာယ်ရှိနေသည့် ကလေးများအား ကာကွယ်ပေးရန်နှင့် ထောက်ပံ့ပေးရန် NAP ၏ အမျိုးသားအဆင့်မဟာဗျူဟာများကို ဒေသဆိုင်ရာလုပ် ရှားဆောင်ရွက်မှုများအဖြစ် အကောင်အထည်ဖော်စေနိုင်ပါသည်။




သင့်အနေနှင့် ဒီသင်တန်းကို ဆရာ/ဆရာမ၊ လူမှုဝန်ထမ်း၊ အစိုးရဝန်ထမ်း သို့မဟုတ် ခေါင်းဆောင်တစ်ယောက်အနေနှင့် တက်ရောက်ချင်တက်ရောက်နေနိုင်ပါသည်။ ယခုသင်တန်းသည် အမျိုးသားအဆင့် လုပ်ငန်းစီမံချက်၏ ပန်းတိုင်များ၏ ပင်မအကြောင်းအရာပုံစံတစ်ခု မဟုတ်ဘူးလား။
ထို့ကြောင့် ကလေးအလုပ်သမားဆိုင်ရာ သင်တန်းများပို့ချပေးခြင်းနှင့် စပ်လျဉ်းသည့် အောက်ပါမေးခွန်းများကို သုံးသပ်ကြည့်ပါ။၎င်းမေးခွန်းများအတွက် သင့်အဖြေများသည် မြန်မာနိုင်ငံရှိ ကလေးလုပ်သားဆိုင်ရာ စွမ်းရည် ရေးဆွဲရေး၊ မြှင့်တင်ရေး နှင့် သင်တန်းပေးအပ်ရန် လိုအပ်သည်များကို မည်ကဲ့သို့ သရုပ်ပြနိုင်သည်ကို စဉ်းစားကြည့်ပါ။




## ဒီသင်တန်းက ဘယ်သူတွေအတွက် ဖြစ်သလဲ။

သင်သည် သင်၏သင်တန်းသားများက ကလေးအလုပ်သမား အရေးကို ၎င်းတို့၏ အလုပ်တစ်စိတ်တစ်ပိုင်း အဖြစ်လည်းကောင်း သို့မဟုတ် စေတနာ့ဝန်ထမ်းအဖြစ်လည်းကောင်း သို့မဟုတ် ၎င်းတို့ နေ့စဉ်ဘဝ၏ တစ်စိတ်တစ်ပိုင်း အဖြစ်လည်းကောင်း လုပ်ဆောင်နေခြင်းလားကို ရှင်းလင်းစွာ နားလည်ထားရန် အရေးကြီးပါသည်။ ၎င်းတို့သည် လုပ်ဖော်ကိုင်ဖက်များ၊ ဌာနအသီးသီးရှိ ဒေသဆိုင်ရာအစိုးရဝန်ထမ်းများ၊ဆရာ/ဆရာမများ၊ သူနာပြု များ သို့မဟုတ် ကလေးသူငယ်အရေး၊ ရပ်ရွာ အရေးလုပ်ဆောင်နေသည့် အခြားကျွမ်းကျင်သူများ၊ ခေါင်းဆောင်များ သို့မဟုတ် ကလေးများ နှင့် လူငယ်များ ဖြစ် သလားကိုနားလည်ရပါမည်။

- ကလေးအလုပ်သမားအရေးနှင့်ပတ်သက်၍ ၎င်းတို့က မည်မျှသိရှိထားသနည်း။
- သင်တန်းမှ ပို့ချပေးသည်များကို ၎င်းတို့က မည်သို့အသုံးချမည်နည်း။ ၎င်းတို့သည် မူဝါဒများ၊ စီမံကိန်းများနှင့်ဘက်ဂျက်များ ရေးဆွဲရန်လုပ်ဆောင်မည်လား သို့မဟုတ် ကလေးများနှင့်မိဘများသို့ တိုက်ရိုက်ဆက်သွယ်မည်လား။

## ဘာအတွက်လဲ။




ကလေးအလုပ်သမားပပျောက်ရေးလုပ်ဆောင်ရာတွင် အမျိုး သားအဆင့် မဟာဗျူဟာများအား ဒေသဆိုင်ရာမဟာဗျူဟာများအဖြစ် ပြောင်းလဲရန် လိုအပ်သည်။ ဤသင်တန်း၏ ရည်ရွယ်ချက်သည် အမျိုးသားအဆင့် လုပ်ငန်းစီမံချက်၏ မဟာဗျူဟာများအား နေ့စဉ်လုပ်ငန်းဆောင်တာ များအဖြစ် ပြောင်းလဲစေရန်ဖြစ်သည်။ ယင်းကဲ့သို့အောင်မြင်ရန်အတွက် ၎င်းသင်တန်းသည် လူတိုင်းနားလည်သဘောပေါက်စေရန် သေချာစေရပါမည်။

- ဥပဒေများနှင့် ပြဋ္ဌာန်းချက်များ၏ အနှစ်သာရများ၊ အဓိပ္ပါယ်ဖွင့်ဆိုချက်များ နှင့် သတ်မှတ်ချက်များ
- သက်ဆိုင်ရာ လူမှုအသိုင်းအဝိုင်းရှိ ကလေးအလုပ်သမားပေါ်ပေါက် စေသော အဓိကအကြောင်းတရားများ
- ကလေးအလုပ်သမား ခိုင်းစေမှုများကြောင့် ကလေးများ၊ မိသားစုများ၊ လူမှုအသိုင်း အဝိုင်း နှင့် မြန်မာနိုင်ငံ အပေါ် အကျိုးဆက်များ

မျှော်လင့်ချက်နှင့် အပြုသဘောဆောင်သောလုပ်ဆောင်မှုသည် အရေးကြီးပါသည်၊ သို့မှသာ ကလေးလုပ်သားများကို ကိုင်တွယ်ဖြေရှင်းခြင်းသည် အောင်မြင်နိုင်မည်ဖြစ်ပါသည်။

**မှတ်ချက်။** အမျိုးသားအဆင့် လုပ်ငန်းစီမံချက်၏ ပထမအဆင့်တွင်လွှမ်းခြုံ သော ပထမငါးနှစ်အတွက် ဦးစားပေး မဟာ ဗျူဟာများ အဖြစ် မြန်မာနိုင်ငံရှိမိတ်ဖက်များက သဘောတူခဲ့ကြသော မဟာဗျူဟာများကို NAP က အသေးစိတ်ထုတ်ပြန် ခဲ့ပါသည်။

မိမိသင်တန်းပို့ချလိုက်သော သင်တန်းသားများသည် မိမိဖြန့်ဝေခဲ့သော သတင်းအချက်အလက်များကို အလေးအနက်စဉ်းစားရန်၊ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်၏ မဟာဗျူဟာများအား မူဘောင်အတွင်း မည်သို့အသုံး ချနိုင်သနည်းနှင့် ၎င်းတို့၏ ကိုယ်ပိုင်အလုပ်၊ စေတနာ့ဝန်ထမ်းအလုပ်၊ အဖွဲ့အစည်း၊ အသိုက်အဝန်း စသည့်တို့အတွင်း ကန့်သတ်ခံရနိုင်မှုတို့ကို ၎င်းတို့အကြားဆွေးနွေးရန် အခွင့်အရေးပေးရမည်ဖြစ်ပါသည်။

## ဘယ်လို ပို့ချမလဲ။

အွန်လိုင်းသင်တန်းသည် ပြောင်းလွယ်ပြင်လွယ်ရှိပြီး မိမိ အဆင်ပြေသည့် အပိုင်းများသို့ အလွယ်တကူတက်ရောက်နိုင် ပါသည်။ ပြင်ပတွင် တက်ရောက်ရသော သင်တန်းများသည် အတိအကျ စီစဉ်ထားရသောကြောင့် ညှိနှိုင်းရသည်မှာ အရမ်းမ လွယ်ကူလှချေ။ (ကိုဗစ်–၁၉ ကန့်သတ်ချက်များ မလိုအပ်တော့သည့် အခါမှသာလုပ်ဆောင်နိုင်ပါသည်)




မတူညီသောနည်းလမ်းများ ပေါင်းစပ်ပို့ချခြင်းသည် လူအများ၏ အာရုံစူးစိုက်မှုနှင့် သင်ယူမှုကို တိုးပွားစေပါသည်။အတူတကွပါဝင်နိုင်သည့် သင်တန်းပို့ချခြင်း နည်းစနစ်များ (အတွေးခေါ်ကွန့်မြူးရေးသားခြင်း၊ role play ဖြင့် အတွေ့အကြုံယူခြင်း နှင့် တူညီသောအခြားနည်းစနစ်များ စသည်တို့ဖြင့်) ကလေးအလုပ်သမားအရေးကို ပိုမိုနားလည်စေရန် အထောက်အကူပြုပါသည်။ အထူးသင်တန်းပေးနည်းစနစ်များဖြစ်သော ပညာရေး၊ အနုပညာနှင့် မီဒီယာမှတဆင့် ကလေးများ၏ အခွင့်အရေးများကို ပံ့ပိုးပေးခြင်း (SCREAM) နှင့် အခွင့်အရေးများ၊ တာဝန်များနှင့်ကိုယ်စားပြုခြင်းဆိုင်ရာ သင်တန်းဆရာများလက်စွဲ (3R Kit) တို့ကိုလည်း အသုံးပြုနိုင်ပါသည်။

## လေ့လာမှုမှတ်တိုင်

သင်တန်းများနှင့် အခြေခံသဘောတရားများကိုမိတ်ဆက်ပေးခြင်းသည် စွမ်းရည်မြှင့်တင်ရာတွင် အရေးကြီးသည်။ သင့်အနေဖြင့် လေ့ကျင့်ရေးဆိုင်ရာ မေးခွန်းများကို သင့်လျော်သောအဖြေများနှင့် ကိုက်ညီအောင်တွဲစပ်ပေးနိုင်ပါသလား။

**သင်တန်းများနှင့် သင့်တော်မည့် တုံ့ပြန်မှုများကို တွဲပေးပါ။**

ဘယ်ဘက်ရှိ မေးခွန်းတစ်ခုစီကို ကြည့်ပါ၊ ထို့နောက် မေးခွန်းတစ်ခုစီနှင့် အကိုက်ညီဆုံး ညာဘက်ရှိ အဖြေကို ရွေးချယ်ပါ။ အဖြေများကို ဤစာအုပ်ငယ်၏ နောက်ကျောတွင်ရှိသော နောက်ဆက်တွဲတွင် မှန်ကန်သောအဖြေများကို သင်ကြည့်ရှုနိုင်ပါသည်။

| | |
|---|---|
| ၁ သင်တန်းတွေက ဘာအတွက်လဲ။ | က စေတနာ့ဝန်ထမ်းများ၊ ဆရာ/ဆရာမများ၊ သူနာပြုများ စသည်ဖြင့် |
| ၂ သင်တန်းတွေက ဘယ်သူ့အတွက်လဲ။ | ခ အမျိုးသားအဆင့်လုပ်ငန်းစီမံချက်ကို နေ့စဉ်လုပ်ဆောင်ချက်များအဖြစ် ပြောင်းလဲရန် |
| ၃ သင်တန်းတွေက ဘာအတွက်လဲ။ | ဂ အတူတကွပါဝင်နိုင်သည့်သင်တန်းနည်းစနစ်များအသုံးပြုရန် |

သင်ခန်းစာ ၇/၈

# ▶ မိမိကိုယ်ကို အကဲဖြတ်သုံးသပ်ခြင်း

## ဂုဏ်ပြုပါသည်။

သင်ဟာ အခန်းကြီး – ၃။ **အသိပညာနှင့် စွမ်းဆောင်ရည်မြှင့်တင်ဖို့ ဘယ်လိုလုပ်ဆောင်မလဲ** သင်ခန်းစာကို ပြီးစီးလုနီးပါး ရှိသွားပါပြီ။

အောက်ပါအချက်များသည် သင့်အားမည်သည့်လေ့လာမှု ကွာဟချက်များကိုမဆို ဖော်ထုတ်ရာတွင် ကူညီပေးရန် အထူးဖန်တီးထားသော မေးခွန်းများနှင့်အတူ ကိုယ့်ကိုယ်ကို အကဲဖြတ်မှုဖြစ်သည်။ သင်သည် အမှတ်များရရှိနေပြီ ဖြစ်သော်လည်း ယင်းသည် စမ်းသပ်စာမေးပွဲ မဟုတ်သည့်အတွက် အောင်မှတ်မရှိပါ။ သင်၏ ရမှတ်များကို အသုံးပြု၍ မည်သည့်နေရာတွင် လိုအပ်ချက်ရှိသည်ကို ဖော်ထုတ်ကာ ပြန်လည်လေ့လာမှုပြုလုပ်ပါ။

သင့်အနေဖြင့် ကိုယ့်ကိုယ်ကို ပြန်လည်အကဲဖြတ်မှုအား သင့်စိတ်ကြိုက် အကြိမ်များစွာပြုလုပ်နိုင်သည်။ သင့်လျော်သော အဖြေများကို အောက်တွင်ရွေးပါ။ အဖြေမှန်များကို "နောက်ဆက်တွဲ အဖြေများ" တွင် ကြည့်ရှုနိုင်ပါသည်။ကံကောင်းပါစေ။

## မေးခွန်း ၁ / ၃

ပတ်ဝန်းကျင်က တခြား ၁၅ နှစ်အရွယ် မိန်းကလေးတွေလိုပဲ အိမ်အကူအဖြစ် အလုပ်လုပ်ဖို့ ဟေမာရဲ့ မိခင်က သူမကို မြို့ကိုပို့လိုက်ပါတယ်။ ဟေမာက လယ်ကွင်းတွေမှာ အလုပ်မလုပ်ချင်တော့ မြို့တက်ရမယ်ဆိုပြီး ပျော်နေရှာ တယ်။ မြို့ရောက်ရင် စားကောင်းသောက်ကောင်းတွေ နဲ့ အင်္ကျီလှလှလေးတွေ ဝတ်ရတော့မယ်ဆိုပြီး တွေးနေတယ်။ သူမရဲ့ သူငယ်ချင်းတွေကလည်း မနီးမဝေးအိမ်တွေမှာ ရှိကြတော့ အထီးကျန်လိမ့်မယ်လို့ မထင်ဘူး။

**ဟေမာရဲ့ပတ်ဝန်းကျင်ကို ကလေးအလုပ်သမားခိုင်းစေခြင်းအကြောင်းနှင့် ပတ်သက်ပြီး အသိပညာမြှင့်တင်ရေးကမ်ပိန်းတစ်ခုပြုလုပ်ဖို့ သင့်ကိုတောင်းဆိုခဲ့ပါတယ်။ သင့်အနေနဲ့ ဘယ်အဆင့်တွေကို လုပ်ဆောင်မလဲ။**

သင့်လျော်သော အဖြေများကို အောက်တွင်ရွေးပါ။

- ☐ က ရွာသူ ရွာသားများကို စုဝေးစေကာ ကလေးအလုပ်သမားခိုင်းစေခြင်းဟာ တရားမဝင်ကြောင်းပြောပါမည်။
- ☐ ခ ရွာသူ ရွာသားများနှင့် သင့်တော်မည့် သတင်းစကားများကို ရွေးချယ်ပါမည်။
- ☐ ဂ သင့်တော်မည့် နည်းလမ်းများနှင့် သတင်းစကားများကို အရောက်ပို့နိုင်မည့် နည်းလမ်းကို စဉ်းစားပါမည်။
- ☐ ဃ ကမ်ပိန်းတွင် ပါဝင်သူများ၏ တုံ့ပြန်မှုကို ခြေရာခံ စောင့်ကြည့်ပါမည်။

## မေးခွန်း ၂/၃

ရာဇာဟာ အငြိမ်းစား အစိုးရဝန်ထမ်းတစ်ဦးပါ။ ရွာက ကလေးတွေက သူ့ကိုချစ်ကြပါတယ်။ ကလေးတွေက ညနေဘက်တွေဆို သူ့ဘေးနားမှာထိုင်ပြီး ပုံပြင်လေးတွေ နားထောင်ကြပါတယ်။ ကိုဗစ်-၁၉ ဒဏ်ကြောင့် ကလေးတွေဟာ ကျောင်းထွက်ဖို့ တွန်းအားပေးခံရပြီး မိသားစုကို အလုပ်လုပ်ရင်း ကူပေးရတာကို ရာဇာ သတိထားမိလာပါတယ်။ သူ့အနေနဲ့ မိဘတွေ၊ ကျောင်းဆရာ/ဆရာမတွေနဲ့ ကလေးတွေကို ကလေးအလုပ်သမား ခိုင်းစေခြင်းအကြောင်းနဲ့ပတ်သက်ပြီး အသိပညာမြှင့်တင်ပေးချင်တယ်။

**ကလေးအလုပ်သမားခိုင်းစေခြင်းအကြောင်းနှင့် ပတ်သက်ပြီး ရာဇာ မျှဝေတဲ့အခါ ဘယ်အကြောင်းအရာတွေကို ဦးစားပေးသင့်ပါသလဲ။**

သင့်လျော်သော အဖြေများကို အောက်တွင်ရွေးပါ။

- ☐ က — ဇာတ်လမ်းကြောင်းများသည် လူတိုင်း နားလည်ရလွယ်ပြီး အကြောင်းအရာအပေါ် အာရုံစိုက်နိုင်ရမည်။
- ☐ ခ — သူတစ်ပါး၏ စိတ်ခံစားမှုကို ထိခိုက်စေနိုင်သောကြောင့် ဇာတ်လမ်းကြောင်းများသည် ကလေးအလုပ်သမား ပြဿနာရပ်ကို တူးဆွခြင်း မဖြစ်စေရ။
- ☐ ဂ — စိတ်ခံစားမှုနီးကပ်စွာဖြင့် နားထောင်သူများနှင့် ဇာတ်ကြောင်းကို ချိတ်ဆက်နိုင်ရပါမည်။
- ☐ ဃ — ဇာတ်လမ်းကြောင်းများတွင် တကယ့်အပြင်မှ ဇာတ်ကောင်များ မပါစေသင့်ပါ။

## မေးခွန်း ၃/၃

စမ်း ဟာ ကျေးလက်ဆေးရုံတစ်ခုမှာ အလုပ်လုပ်ကိုင်နေတဲ့ သူနာပြုဆရာမလေး တစ်ယောက်ဖြစ်ပါတယ်။ အနီးအနား မြို့ပေါ်က စက်ရုံတွေမှာ ဒဏ်ရာရလာလေ့ရှိတဲ့ ကလေးတွေကို ကုသမှုတွေ ပေးလေ့ရှိပါတယ်။  ကလေး တွေအားလုံးက အသက် ၁၇ နှစ်ဝန်းကျင်ရှိပြီး မသင်မနေရပညာရေး ပြီးဆုံးထားကြပါတယ်။ ဒီကလေးတွေဟာ ဒီလိုအလုပ်ခွင်မှာ ဆက်ပြီး အလုပ်လုပ်နေသရွေ့ ကျန်းမာတဲ့အနာဂတ်မရနိုင်ဘူးဆိုတာကို သူမ သိတဲ့အတွက် ပိုကောင်း တဲ့အလုပ်ရအောင် ကူညီပေးချင်ပါတယ်။ ဒါပေမဲ့ သူမ ဘယ်လိုကူညီရမလဲ မသိပါ။

**အိုင်အယ်လ်အိုရဲ့ မိတ်ဖက်တစ်ဦးအနေနဲ့ စမ်း ရဲ့ ကျေးရွာလေးအတွက် မှန်ကန်တဲ့ စွမ်းရည်မြှင့်တင်ရေးကို ဘယ်လိုလုပ်ဆောင်ရမလဲ။**

သင့်လျော်သော အဖြေများကို အောက်တွင်ရွေးပါ။

- ☐ က — စမ်း နှင့် အခြားသော သူနာပြုများအတွက် အွန်လိုင်း သင်တန်းစီစဉ်ပေးသင့်ပါသည်။
- ☐ ခ — စမ်း၏ ကျေးရွာသို့သွားရောက်၍ ကလေးအလုပ်သမားခိုင်းစေခြင်းကိစ္စနှင့် ပတ်သက်၍ ပညာပေးသင့်ပါသည်။
- ☐ ဂ — စမ်းနှင့် အခြားသော သူနာပြုများ ကလေးအလုပ်သမားပပျောက်ရေးအတွက် အသိပညာဖြန့်ဝေရာတွင် အထောက်အပံ့ဖြစ်စေရန် ပြင်ပတွင် တက်ရောက်ရသော သင်တန်းများ ပေးသင့်ပါသည်။
- ☐ ဃ — ကျေးရွာရှိ မိဘပြည်သူများအတွက် ငွေကြေးထောက်ပံ့မှုမျိုးပေးသင့်ပါသည်။ သို့မှသာ ကလေးများအား အန္တရာယ်ရှိသော အလုပ်ခွင်သို့ပို့ရန် မလိုတော့ပေ။

သင်ခန်းစာ ၈/၈

# ▶ အနှစ်ချုပ်

ယခုသင်ခန်းစာကို သင် မပိတ်လိုက်မီ အောက်ဖော်ပြပါများသည် သင် လေ့လာသင်ယူခဲ့ပြီးသော အဓိကအချက်များ၏ အနှစ်ချုပ်များဖြစ်သည်။

အရေးကြီးသော မှတ်သားစရာများအတွက် အောက်ဖော်ပြပါ အချက်တစ်ခုချင်းစီကို ကြည့်ပါ။

### အသိပညာပေးခြင်းသည် အဆင့်ငါးဆင့်ပါဝင်သည့် လုပ်ငန်းစဉ်တစ်ခုဖြစ်သည်။

၁။ ရည်ရွယ်ချက်ကိုသတ်မှတ်ခြင်း;
၂။ ပစ်မှတ်ပရိသတ်ကို သတ်မှတ်ခြင်း၊
၃။ ပစ်မှတ်ပရိသတ်အပေါ်အခြေခံ၍ အဓိကသတင်းစကားများကို စိတ်ကြိုက်ပြင်ဆင်ခြင်း၊
၄။ သင့်လျော်သောချန်နယ်များကို အသုံးပြု၍ သတင်းစကားများပေးပို့ခြင်း၊
၅။ သင်တန်း၏အကျိုးသက်ရောက်မှုကိုအကဲဖြတ်ခြင်း။

အသိပညာပေးခြင်းသည် အရေးကြီးပြီး အထူးသဖြင့် ကလေးလုပ်သားများထံမှ အဆိုးဆုံးပုံစံများမှ ကလေးများကို ကာကွယ်ရန် ရည်ရွယ်သည့် NAP ၏ သီးခြားရည်ရွယ်ချက် သုံးခုနှင့် ဆက်စပ်နေပြီး ကလေးများအား ၎င်းတို့၏ အသက်အရွယ်နှင့် သင့်လျော်သော အလုပ်နှင့် အသက်မွေးဝမ်းကြောင်းဆိုင်ရာ လေ့ကျင့်ရေးများအဖြစ် ချိတ်ဆက်ပေးနိုင်ရန် ကူညီပေးပါသည်။

အသိပညာပေးခြင်းနှင့် စွမ်းရည်မြှင့်တင်ခြင်းတို့သည် အပြန်အလှန်ဆက်စပ်နေပါသည်။ စွမ်းရည်မြှင့်တင်ခြင်းနှင့် အသိပညာမြှင့်တင်ရန်အတွက် သင်တန်းနှင့် လမ်းညွှန်မှုသည် အရေးကြီးပါသည်။

# ကိုးကားရည်ညွှန်းချက်များနှင့် အရင်းအမြစ်များ


- ILO. 2002. HYPERLINK "https://www.ilo.org/ipec/Informationresources/WCMS_IPEC_PUB_1559/lang--en/index.htm "Supporting Children's Rights through Education, the Arts, and Media (SCREAM): Education Pack.
- ILO. 2018. HYPERLINK "https://www.ilo.org/yangon/publications/WCMS_649045/lang--en/index.htm"“Combatting Child Labour in Myanmar: A Course for Civil Society Organizations (CSOs)”.
- ILO. 2018. HYPERLINK "https://www.ilo.org/yangon/publications/WCMS_649064/lang--en/index.htm"3-R Trainers’ Kit on Rights, Responsibilities and Representation for Children, Youth and Families.
- ILO. 2023. HYPERLINK "https://www.ilo.org/ipec/projects/global/map16/WCMS_893069/lang--en/index.htm%20target= "“Determine: The Six Spheres of Influence”, in ILO Knowledge Mobilization Guide.
- Myanmar, Ministry of Labour Immigration and Population. 2019. HYPERLINK "https://www.dol.gov/sites/dolgov/files/Hachemian.Sara.C%40dol.gov/MM770F~1.PDF"Myanmar National Action Plan on Elimination of Child Labour, 2019-2023.
- Peters, Brian G. 2018. “HYPERLINK "https://medium.com/@Brian_G_Peters/6-rules-of-great-storytelling-as-told-by-pixar-fcc6ae225f50"6 Rules of Great Storytelling (As Told by Pixar).” Medium, 22 March.
- TAP Network. 2019. HYPERLINK "https://www.sdgaccountability.org/working-with-informal-processes/raising-awareness-through-public-outreach-campaigns/#easy-footnote-bottom-1-1051"“Raising Awareness through Public Outreach Campaigns”., in SDG Accountability Handbook.
- UNESCO (United Nations Educational, Scientific and Cultural Organization). 2006. HYPERLINK "https://unesdoc.unesco.org/ark:/48223/pf0000147637"Principles of Awareness-Raising for Information Literacy: A Case Study.
- University of Florida and ILO. unpublished. “Recommendations for Awareness-Raising Campaigns as Part of the Preparations for 2021”.


**ကျေးဇူးတင်ပါသည်။ ဤသင်ခန်းစာသည် သင့်အတွက်အသုံးဝင်မယ်လို့မျှော်လင့်ပါသည်။**
**ယခု သင်ခန်းစာကို အောက်ပါလင့်ခ်မှတစ်ဆင့် အွန်လိုင်းတွင်လည်း လေ့လာနိုင်ပါသည်။**
**http://ecampus.iloyangon.org/**

# နောက်ဆက်တွဲအဖြေများ

သင်ခန်းစာ (၄)၊ စာမျက်နှာ ၅

ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာအတွက် သက်သက်မဟုတ်ဘဲ မည်သည့် အသိပညာမြှင့်တင်ရေးလှုပ်ရှားမှုမျိုးမဆို အကျုံးဝင်သည့် သွင်ပြင်လက္ခဏာများက ဘာတွေလဲ။

ရွေးချယ်စရာများထဲက (က)၊ (ဂ) နှင့် (ဃ) ကိုရွေးချယ်ပါက သင့်အဖြေက မှန်ကန်ပါတယ်။

အသိပညာမြှင့်တင်ရေးဆိုင်ရာ ယေဘုယျလက္ခဏာရပ်တွေနဲ့ ပတ်သက်ပြီး ကောင်းစွာနားလည်တယ်လို့ ယူဆပါတယ်။ အသိပညာမြှင့်တင်ရေးဆိုင်ရာ လှုပ်ရှားမှုသည် အကြောင်းအရာတစ်ခု၊ အရေးကိစ္စတစ်ရပ်အပေါ်မူတည်၍ လူအများအား အသိပေးခြင်း၊ ပညာပေးခြင်းဖြင့် ၎င်းတို့၏ အတွေးအခေါ်၊ အပြုအမူနှင့် ယုံကြည်ချက်တို့ကို လွှမ်းမိုးကာ ရည်မှန်းချက် ပန်းတိုင်သို့ရောက်အောင် လုပ်ဆောင်သော လုပ်ငန်းစဉ်တစ်ခု ဖြစ်ပါသည်။

သင်ခန်းစာ (၄)၊ စာမျက်နှာ ၆

အမျိုးသားအဆင့်လုပ်ငန်းစီမံချက်၏ မည်သည့်အချက်က အန်တီသန်းရှင်းပြသွားသလို ကလေးအလုပ်သမားအရေး အသိပညာမြှင့်တင်ရေးသည် စဉ်ဆက်မပြတ် လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်ဖြစ်ကြောင်း ဖော်ညွှန်းနေပါသလဲ။

ရွေးချယ်စရာများထဲက (က) နှင့် (ခ) ကိုရွေးချယ်ပါက သင့်အဖြေက မှန်ကန်ပါတယ်။

ကလေးအလုပ်သမားအရေး ကိုင်တွယ်ဖြေရှင်းခြင်းနှင့် ကြိုတင်တားဆီးကာကွယ်ခြင်းသည် ရေရှည်လုပ်ဆောင်ရမည်ဖြစ်ပြီး မြန်မာနိုင်ငံရှိ ဥပဒေများကို အပြည်ပြည်ဆိုင်ရာ စံနှုန်းများနှင့်အညီ ဆန်းစစ်ပြင်ဆင်ခြင်းများ စဉ်ဆက်မပြတ်လုပ်ဆောင်ရမည် ဖြစ်ပါသည်။

သင်ခန်းစာ (၅)၊ စာမျက်နှာ ၁၂

လုပ်ဆောင်ရမည့်အဆင့်များကို မှန်ကန်သောလုပ်ဆောင်ချက်များနှင့် သင်တွဲစပ်နိုင်ပါသလား။

အောက်ပါအတိုင်း တွဲထားပါက သင့်အဖြေသည် မှန်သည်-

| | | | |
|---|---|---|---|
| ၁ | သက်ရောက်မှုအား တိုင်းတာပါ | ဂ | မတူညီသော ကြားခံနယ်များအသုံး ပြု၍ တူညီသော သတင်းစကားများ ကို ဖြန့်ဝေပါ |
| ၂ | အဓိကသတင်းစကားများကို ရွေးချယ်ပါ | ဃ | စစ်တမ်းကောက်ယူပါ |
| ၃ | သတင်းစကားများကို ဖြန့်ဝေပါ | ခ | ထင်ရှားသော စကားပုံများကို အသုံးပြုပါ |

သင်ခန်းစာ (၅)၊ စာမျက်နှာ ၁၄

## လေ့လာမှုမှတ်တိုင်

အောက်တွင်ပါသည့် မည်သည့် သွင်ပြင်လက္ခဏာရပ်များက သင့်အား ထိရောက်ကြောင်းများကို အမှတ်ရစေပါသနည်း။

ရွေးချယ်စရာများထဲက (က)၊ (ခ)၊ (ဂ) နှင့် (ဃ) ကိုရွေးချယ်ပါက သင့်အဖြေက မှန်ကန်ပါတယ်။

အခု သင်လေ့လာခဲ့သည့်ကမ်ပိန်းများမှ တိုးတက်အောင်လုပ်နိုင်သည့်အရာများကို စဉ်းစားကြည့်ပါ။ ဇာတ်လမ်းကြောင်းများအသုံးပြုခြင်း၏ အားသာချက် သင်ခန်းစာကိုလည်း ပြန်လည်လေ့လာနိုင်ပါသည်။

သင်ခန်းစာ (၆)၊ စာမျက်နှာ ၁၇

## လေ့လာမှုမှတ်တိုင်

သင်တန်းများနှင့် သင့်တော်မည့် တုံ့ပြန်မှုများကို တွဲပေးပါ။

အောက်ပါအတိုင်း တွဲထားပါက သင့်အဖြေသည် မှန်သည်-

| | |
|---|---|
| ၁ သင်တန်းတွေက ဘာအတွက်လဲ။ | ခ အမျိုးသားအဆင့်လုပ်ငန်းစီမံချက်ကို နေ့စဉ်လုပ်ဆောင်ချက်များအဖြစ် ပြောင်းလဲရန် |
| ၂ သင်တန်းတွေက ဘယ်သူ့အတွက်လဲ။ | က စေတနာ့ဝန်ထမ်းများ၊ ဆရာ/ဆရာမများ၊ သူနာပြုများ စသည်ဖြင့် |
| ၃ သင်တန်းတွေက ဘာအတွက်လဲ။ | ဂ အတူတကွပါဝင်နိုင်သည့်သင်တန်းနည်းစနစ်များအသုံးပြုရန် |

သင်တန်းတက်ရောက်သူများသည် ဌာနအသီးသီးရှိ ပြည်နယ်အစိုးရဝန်ထမ်းများ၊ ဆရာ/ဆရာမများ၊ သူနာပြုများ သို့မဟုတ် ကလေးသူငယ်အရေး၊ ရပ်ရွာအရေး ဆောင်ရွက်နေသည့် ကျွမ်းကျင်အဖွဲ့များ၊ ခေါင်းဆောင်များ သို့မဟုတ် ကလေးများနှင့် လူငယ်များဖြစ်နိုင်ပါသည်။ သင်တန်းသည် အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ကို နေ့စဉ်လုပ်ဆောင်ချက်များအဖြစ် ပြောင်းလဲရန်နှင့် အတူတကွပါဝင်နိုင်သည့် သင်တန်းနည်းစနစ်များ အသုံးပြုရန် ရည်ရွယ်ပါသည်။

သင်ခန်းစာ (၇)၊ စာမျက်နှာ ၁၈

## မိမိကိုယ်ကို အကဲဖြတ် သုံးသပ်ခြင်း

မေးခွန်း ၁/၃

ဟောမာရဲ့ ပတ်ဝန်းကျင်ကို ကလေးအလုပ်သမားခိုင်းစေခြင်းအကြောင်းနဲ့ ပတ်သက်ပြီး အသိပညာမြှင့်တင်ရေး ကမ်ပိန်းတစ်ခု ပြုလုပ်ဖို့ သင့်ကို တောင်းဆိုခဲ့ပါတယ်။ သင့်အနေနဲ့ ဘယ်အဆင့်တွေကို လုပ်ဆောင်မလဲ။

ရွေးချယ်စရာများထဲက (ခ)၊ (ဂ) နှင့် (ဃ) ကိုရွေးချယ်ပါက သင့်အဖြေက မှန်ကန်ပါတယ်။

ရွာသူ ရွာသားများအား စုဝေးစေပြီး ကလေးအလုပ်သမားခိုင်းစေခြင်းသည် တရားမဝင်ကြောင်းပြောခြင်းဖြင့် ပြဿနာကို မဖြေရှင်းနိုင်ပါ။ သင့်အနေဖြင့် ရွာသူရွာသားများနှင့် သင့်တော်သော ဆက်စပ်တွေးခေါ်နိုင်သော သတင်းစကားများကို ရွေးချယ်ကာ သင့်တော်သည့် ကြားခံနယ်ကို အသုံးပြုရပါမည်။ ထို့အပြင် ပါဝင်သူများ၏ တုံ့ပြန်မှုကို ခြေရာခံ စောင့်ကြည့်ရပါမည်။

မေးခွန်း ၂/၃

ကလေးအလုပ်သမားခိုင်းစေခြင်းအကြောင်းနဲ့ ပတ်သက်ပြီး ရာဇာ မျှဝေတဲ့အခါ ဘယ်အကြောင်းအရာတွေကို ဦးစားပေးသင့်ပါသလဲ။

ရွေးချယ်စရာများထဲက (က) နှင့် (ဂ) ကိုရွေးချယ်ပါက သင့်အဖြေက မှန်ကန်ပါတယ်။

ဇာတ်လမ်းကြောင်းများသည် လူတိုင်းနားလည်ရလွယ်ပြီး အကြောင်းအရာအပေါ် အာရုံစိုက်နိုင်ရမည်။ ထို့အပြင် စိတ်ခံစားမှုနီးကပ်စွာဖြင့် နားထောင်သူများနှင့် ဇာတ်ကြောင်းကို ချိတ်ဆက်နိုင်ရပါမည်။ ရာဇာ အနေဖြင့်အထင်အမြင်လွဲမှားခြင်းမှ ရှောင်ကြဉ်နိုင်ရန် ဇာတ်လမ်းကြောင်း၏ အဓိပ္ပါယ်နှင့် ရည်ရွယ်ချက်ကို ရှင်းရှင်းလင်းလင်းသိရှိရန် လိုအပ်ပြီး စိတ်ခံစားမှုနီးကပ်စွာဖြင့် နားထောင်သူများနှင့်ဇာတ်ကြောင်းကို ချိတ်ဆက်နိုင်ရမည် ဖြစ်သောကြောင့် အမှန်တကယ်အဖြစ်အပျက်များဖြစ်ရန် လိုအပ်ပါသည်။

မေးခွန်း ၃/၃

အိုင်အယ်လ်အိုရဲ့ မိတ်ဖက်တစ်ဦးအနေနဲ့ စမ်းရဲ့ ကျေးရွာလေးအတွက် မှန်ကန်တဲ့ စွမ်းရည်မြှင့်တင်ရေးကို ဘယ်လိုလုပ်ဆောင်ရမလဲ။

ရွေးချယ်စရာများထဲက (ဂ) ကိုရွေးချယ်ပါက သင့်အဖြေက မှန်ကန်ပါတယ်။

အရင်းအမြစ်နည်းပါးသော ကျေးလက် ဆေးရုံတစ်ရုံတွင် အလုပ်လုပ်ကိုင်နေသော စမ်းသည် အွန်လိုင်းသင်တန်း များအတွက် အင်တာနက်ရရှိခြင်း မရှိ သို့မဟုတ် ရင်းနှီးကျွမ်းဝင်မှု မရှိခြင်း ဖြစ်နိုင်ပါသည်။ ငွေကြေးထောက်ပံ့မှုသည် ရေရှည်အတွက် ထိရောက်ခြင်း မရှိပါ၊ ရေတိုအတွက်သာ ဖြေရှင်းပေးနိုင်ပါသည်။ ထို့အပြင် ရွာသားများသည် အိုင်အယ်လ်အို၏ မိတ်ဖက်များမှ ပြောဆိုခြင်းထက် အားလုံးနှင့် ရင်းနှီးကျွမ်းဝင်မှုရှိသော စမ်း၏ ပြောစကားကိုသာ နားဝင်ကြလိမ့်မည်။ ထို့ကြောင့် စမ်းအပါအဝင် အခြားသော သူနာပြုများကို နည်းလမ်းမှန်ကန်စွာနှင့် သင့်တော်သော ပြင်ပသင်တန်းကိုပို့ချပေးခြင်းဖြင့် ကလေးအလုပ်သမားအရေး အသိပညာဖြန့်ဝေရာတွင်အထောက်အကူ ရရှိနိုင်မည်ဖြစ်ပါသည်။

## မြန်မာနိုင်ငံကလေးအလုပ်သမားဆိုင်ရာ အီလက်ထရောနစ်သင်ကြားရေး အစီအစဉ်သင်ခန်းစာပေါင်းချုပ်

### ကလေးအလုပ်သမားဆိုင်ရာ သိမြင်နားလည်မှုနှင့် အတူ ဆန့်ကျင်တိုက်ဖျက်ရန် အတွက် ဘက်ပေါင်းစုံမှပါဝင်ပတ်သက်သူများနှင့် ရပ်ရွာအဖွဲ့အစည်းများမှ လုပ်ပိုင်ခွင့် အားကောင်းလာစေခြင်း။

ကမ္ဘာပေါ်တွင် သန်းပေါင်းများစွာသော ကလေးများသည် ၎င်းတို့၏အခြေခံအခွင့်အရေး၊ ပညာရေးနှင့် ကလေးဘဝကို ဆုံးရှုံးနေရဆဲဖြစ်ပြီး ကလေးအလုပ်သမားဆန့်ကျင်တိုက်ဖျက်ရေးအတွက် ရပ်တည်ပေးဖို့ အရေးကြီးပါသည်။ “မြန်မာနိုင်ငံ ကလေးအလုပ်သမားဆိုင်ရာ အီလက်ထရောနစ်သင်ကြားရေးအစီအစဉ်” သည် ပျံ့နှံ့နေသော ကလေးအလုပ်သမားပြဿနာကို မီးမောင်းထိုးပြရန် ပုံဖော်ထုတ်ထားသည့် ပြီးပြည့်စုံသော အီလက်ထရောနစ် သင်ကြားရေး စနစ်ဖြစ်ပြီး သင်ယူလေ့လာသူများအား ကလေးအလုပ်သမားအရေးအား ထိရောက်စွာကိုင်တွယ် တိုက်ဖျက်ရန် အသိပညာနှင့် ကိရိယာများအဖြစ်ပံ့ပိုး ပြင်ဆင်ပေးထားပါသည်။
ထိတွေ့ဆွဲဆောင်မှုရှိသော မီဒီယာ အကြောင်းအရာများများမှတစ်ဆင့် ၊ အပြန်အလှန်အကျိုးပြုသည့် သင်ခန်းစာများနှင့် လက်တွေ့ဘဝဖြစ်ရပ်လေ့လာမှုများသည် ပါဝင်တက်ရောက်သူများအား ကလေးအလုပ်သမားပုံစံ အမျိုးမျိုး၊ ကလေးအလုပ်သမားဖြစ်ရသည့် အရင်းခံအကြောင်းတရားများနှင့် ၎င်းကလေးများ၏ဘဝ၊ မိသားစုများနှင့် လူ့အဖွဲ့အစည်းများအပေါ် လေးနက်သော သက်ရောက်မှုများကို လေ့လာနိုင်မည်ဖြစ်သည်။ ရှုပ်ထွေးနက်နဲသော ထောက်ပံ့ရေး ကွင်းဆက်များ၊ ဥပဒေပြုရေး၊ ပဋ္ဋိပက္ခများနှင့် ကလေးလုပ်သားပပျောက်ရေးအတွက် ရည်ရွယ်သည့် ကမ္ဘာလုံးဆိုင်ရာ အစပျိုးမှုများ၊ ကာကွယ်တားဆီးရေးနှင့် ကြားဝင်ဆောင်ရွက်မှုများအတွက် လက်တွေ့ကျသော နည်းဗျူဟာများကို ရှာဖွေရန်ဖြစ်သည်။ သင်သည် သက်ဆိုင်ရာနိုင်ငံသား၊ ပညာပေးသူ၊ စစ်ဆေးရေးအရာရှိ၊ ဆရာ/မ၊ မူဝါဒချမှတ်သူ သို့မဟုတ် လုပ်ငန်းကျွမ်းကျင်သူဖြစ်စေ ဤသင်တန်းသည် သင့်အားခြားနားမှုတစ်ခုပြုလုပ်ရန် ပေးစွမ်းနိုင်ပါသည်။ ကလေးအလုပ်သမား၊ မတရားအလွဲသုံးစားလုပ်မှု၊ ခေါင်းပုံဖြတ်ခံရမှုများကို ရပ်တန့်ရန်နှင့် ကလေးများအားလုံး ၎င်းတို့၏ ကလေးဘဝနှင့်ဆိုင်သော အခြေခံအခွင့်အရေးများကို ခံစားရရှိစေပြီးဘေးကင်းလုံခြုံစွာ ပြုစုပျိုးထောင် ပေးခြင်းအားဖြင့် ပါဝင်ပတ်သက်သူများနှင့် ရပ်ရွာအဖွဲ့ဝင် များအားလုံးကို အခွင့်အာဏာပေးအပ်စေနိုင်ဖို့ရာ ကျွန်ုပ်တို့နဲ့အတူ ပါဝင်ကြဖို့ ဖိတ်ခေါ်အပ်ပါသည်။ ကျွန်ုပ်တို့နှင့်အတူ ကလေးအလုပ်သမားဆန့်ကျင်တိုက်ဖျက်ရာတွင် အပြောင်းအလဲအတွက် ချန်ပီယံဖြစ်ကြပါစို့လား။ မြန်မာနိုင်ငံ၏လက်ရှိအခြေအနေမှာ သင်ဟာ ကလေးအလုပ်သမားတိုက်ဖျက်ဖို့အတွက် အရေးကြီးဆုံးပုဂ္ဂိုလ် တစ်ဦးအဖြစ်ရှိနေပါသည်။

**Fundamental Principles and Rights at Work Branch (FUNDAMENTALS)**

International Labour Office
4 route des Morillons
CH-1211 Geneva 22 – Switzerland
T: +41 (0) 22 799 61 11
E: childlabour@ilo.org
W: ilo.org/childlabour
@ILO_Childlabour

**အိုင်အယ်လ်အိုဆက်သွယ်ညှိနှိုင်းရေးရုံး၊ မြန်မာနိုင်ငံ။**

အမှတ် ၁ (က) ၊ ကန်ဘဲ့ (သစ္စာ) လမ်း၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း : +၉၅ ၁၇၃၃၆၅၃၈၊ ~၉/ ၅၇၉၉၅၆ / ၅၇၈၉၂၅
ဖက်စ် : +၉၅ ၁၇၃၃၆၅၈၂
အီးမေးလ် : yangon@ilo.org

ISBN 978-92-2-039016-0